ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ (1-2-2012) (၇၀၂၂)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ယနေ့ခေတ်သည် နိုင်ငံတော်တွင် ဒီမိုကရေစီလူ့ဘောင်ရှင်သန်ခိုင်မာစေရေး ကြိုးပမ်းဆောင်ရွက်နေကြသည့် ကာလဖြစ်

ပြည်သူ့ဘဏ္ဍာငွေဖြစ်သည့်ရငွေများ တိကျမှန်ကန်စွာရရှိရေးနှင့် အကျိုးရှိစွာခွဲဝေသုံးစွဲရေးသည် ပြည်သူ့ဆန္ဒနှင့် ညီညွတ်ရန်လို ပကတိအခြေအနေမှန်ပေါ်မူတည်ပြီး အမျိုးသားရေးလိုအပ်ချက်များအတွက်ပါ အကောင်းဆုံးဖြစ်နိုင်ခြေကို ဘက်စုံတွက်ဆဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၃၁

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ စတင်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၅၈၈)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ နိုင်ငံတော်သမ္မတ၏သဝဏ်လွှာများ မှတ်တမ်းတင်ဆောင်ရွက်ခြင်း၊ ပူးပေါင်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ဥပဒေကြမ်းများ တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ခေါ်ယူရခြင်းအကြောင်းမှာ ပြည်ထောင်စုအစိုးရက လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ခံယူမည့် အမျိုးသားစီမံကိန်းဥပဒေကြမ်းများ၊ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၂ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်သူများ၏ ကိုယ်စား ပြည်သူ့ကိုယ်စားလှယ်များက ဝေဖန်သုံးသပ်ဆွေးနွေးညှိနှိုင်းကြရန် ဖြစ်ပါကြောင်း၊ ယခုကာလတွင် ဆွေးနွေးသုံးသပ်နိုင်ရန်အတွက် ပြီးခဲ့သည့် ဒုတိယပုံမှန်အစည်းအဝေးကာလကတည်းက စာတမ်းဖတ်ပွဲကျင်းပခဲ့ခြင်းဖြင့် ထိုဘာသာရပ်များနှင့် မိတ်ဆက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့ဆိုလျှင် ၂၀၁၁-၂၀၁၂ ခုနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၂-၂၀၁၃ ခုနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၂-၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို သက်ဆိုင်ရာပုဂ္ဂိုလ်များက လွှတ်တော်သို့ တင်သွင်းကြတော့မည် ဖြစ်ပါကြောင်း။

ဥပဒေကြမ်းများ တင်သွင်းပြီးသည့်နောက် ပထမပိုင်းအနေဖြင့် အမျိုးသားစီမံကိန်းဆိုင်ရာ ဥပဒေကြမ်းများအပေါ် ဆွေးနွေးသုံးသပ် အတည်ပြုကြရမည်ဖြစ်ပါကြောင်း၊ ဒုတိယပိုင်းအနေဖြင့် အတည်ပြုထားသည့် အမျိုးသားစီမံကိန်းများအပေါ်မူတည်ပြီး ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် တတိယပိုင်းအနေဖြင့် ၂၀၁၂-၂၀၁၃ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးဝေဖန်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ အပိုဒ် ၈၅ မှ ၉၅ အထိပါအတိုင်း ဆောင်ရွက်ကြရမည် ဖြစ်သည်ကို ရှင်းလင်းတင်ပြလိုပါကြောင်း။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။
(သတင်းစဉ်)

ယနေ့ခေတ်ကာလသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ဒီမိုကရေစီလူ့ဘောင်ရှင်သန်ခိုင်မာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည့် ကာလဖြစ်ပါကြောင်း၊ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သည် ပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူ့ဘဏ္ဍာငွေဖြစ်သည့်ရငွေများ တိကျမှန်ကန်စွာရရှိရေးနှင့် ပြည်သူ့ဘဏ္ဍာငွေများကို အကျိုးရှိစွာခွဲဝေသုံးစွဲရေးတို့သည် ပြည်သူ့ဆန္ဒနှင့် ညီညွတ်ရန်လိုပါကြောင်း၊ ပြည်သူများက ကျေနပ်ပျော်ရွှင်ကြရန်လည်း လိုအပ်ပါကြောင်း၊ ယခုဥပဒေကြမ်းများနှင့် ပတ်သက်၍ ပကတိအခြေအနေမှန်အပေါ်မူတည်ပြီး အမျိုးသားရေးလိုအပ်ချက်များအတွက်ပါ အကောင်းဆုံးဖြစ်နိုင်ခြေကို ဘက်စုံမှချင့်ချိန်တွက်ဆ ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

မှတ်တမ်းတင်ဆောင်ရွက်ခြင်းကဏ္ဍ၌ နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာများဖြစ်သည့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စွာခိုင်အား ၎င်း၏ဆန္ဒအလျောက် ၆-၁-၂၀၁၂ ရက်မှစ၍ တာဝန်ထမ်းဆောင်ခြင်းမှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း အကြောင်းကြားသည့် သဝဏ်လွှာနှင့် လစ်လပ်သွားသည့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်အဖြစ် သက်ဆိုင်ရာဥပဒေများနှင့်အညီ ဦးမြတ်ကိုအား ခန့်အပ်တာဝန်ပေးကြောင်း အကြောင်းကြားသည့် သဝဏ်လွှာတို့ကို ပြည်ထောင်စုလွှတ်တော် နာယက က ဖတ်ကြားတင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ယနေ့ သတင်း အညွှန်း

ဟေတီနှင့် ဒိုမီနီကန်နိုင်ငံများ အနာဂတ်၌ အင်အားပြင်းလေျှင်များနှင့် ထပ်မံရင်ဆိုင်ရနိုင်
နိုင်ငံတကာသတင်း စာမျက်နှာ - ၄

ရန်ကုန်မြို့၏အလှကို ဖျက်ဆီးနေသော စည်းကမ်းမဲ့ ကြော်ငြာဗျူဟာများ
ပြည်တွင်းသတင်း စာမျက်နှာ - ၇

ဘောလိဝုဒ်ရောက် ဗြိတိသျှမော်ဒယ်လ်သရုပ်ဆောင်နှင့် တွေ့ဆုံမေးမြန်းခြင်း
အနုပညာသတင်း စာမျက်နှာ - ၁၀

ကြေးမုံစာတည်းရှုထောင့်

၁-၂-၂၀၁၂(ဗုဒ္ဓဟူးနေ့)။

လုံခြုံမှု၊ တည်ငြိမ်မှုနှင့် လွတ်လပ်မှု၊ လူ့အခွင့်အရေး

၁၉၉၀ ပြည့်လွန်နှစ်များအတွင်း အာရှတစ်ခွင်၌ စီးပွားရေး စန်းထကာ တစ်ကမ္ဘာလုံးက စီးပွားရေးထွန်းသစ်စအာရှနိုင်ငံများကို “အာရှကျားများ”ဟု အမည်သညာပြု၍ တအံ့တသြဖြင့် ငေးမောကြည့်နေကြရချိန်။ “အာရှတန်ဖိုး” (Asian values)ဟူသော ဝေါဟာရတစ်ခုသည်လည်း ကမ္ဘာ့နိုင်ငံရေးနယ်ပယ်၌ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်ခဲ့ဖူးသည်။

သို့စေကာမူ အာရှတန်ဖိုးဟူသော ဝေါဟာရ၏အနက်အဓိပ္ပာယ်မှာ တိကျပေါ်လွင်မှုမရှိလှဘဲ ယေဘုယျအနက်သဘောသာ ရှိခဲ့သည်။ အာရှတန်ဖိုးဟူသည် အနောက်ကမ္ဘာ၏ စိတ်ကူးစိတ်သန်း (ideas)များ၊ တွေးခေါ်မြော်မြင်ပုံသဘောတရား (philosophy)များနှင့် ကွဲပြားခြားနားခြင်း၊ ဒေသအလိုက်ခံယူကျင့်သုံးသော ယဉ်ကျေးမှုထုံးဓလေ့များ၊ သမိုင်းဖြတ်သန်းမှု အတွေ့အကြုံများက ရောင်ပြန်ဟပ်လျက်ရှိခြင်း စသော သဘောလက္ခဏာများ ပါဝင်နေသည်ဟုသာ ဆိုနိုင်သည်။ တစ်နည်းအားဖြင့် အာရှကျားနိုင်ငံများက ဖွံ့ဖြိုးတိုးတက်မှုကိုရယူခဲ့ရာတွင် မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ တန်ဖိုးနှုန်းစံများကို မဟာဗျူဟာမြောက် မှန်မှန်ကန်ကန် သုံးစွဲခန့်ခွဲနိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်ဟု သုံးသပ်ကြသည်။

....

၂၀၀၂ ခုနှစ်က ကမ္ဘာကျော် တရုတ်ရုပ်ရှင်ဒါရိုက်တာတစ်ဦးဖြစ်သော ကျန်းယိမူးရိုက်ကူးပြီး အက်ရှင်မင်းသားဂျက်လီ ပါဝင်သရုပ်ဆောင်သည့် Hero အမည်ရှိ ရှေးခေတ်နောက်ခံ သိုင်းရုပ်ရှင်ဇာတ်ကား ကမ္ဘာ့ရုပ်ရှင်ဈေးကွက်တွင် “ပေါက်” သွားခဲ့ဖူးသည်။ လှပပြောင်မြောက်သည့် ရိုက်ချက်များ၊ အဆန်းတကျယ်သိုင်းပြကွက်များ၊ နာမည်ကြီးသရုပ်ဆောင်များ၏ အနုပညာမြောက်သည့် သရုပ်ဆောင်မှုများကြောင့် ကမ္ဘာကျော်ခဲ့သော ထိုရုပ်ရှင်ဇာတ်ကား၏ အဓိကကျသော ရည်ရွယ်ချက် (Main themes) မှာ “အာရှတန်ဖိုး” (Asian values)ကို ဖွင့်ဆိုထားခြင်းပင် ဖြစ်သည်ဟုဆိုသည်။

အချို့ကလည်း Hero ရုပ်ရှင်ဇာတ်လမ်းကျောရိုးတွင် မြှုပ်နှံထားသော ဆိုလိုရင်း အဓိပ္ပာယ်မှာ အကြွင်းမဲ့အာဏာရှင်စနစ်ကို ထောက်ခံခြင်း (proto-talitarian subtext)ပင် ဖြစ်ကြောင်း၊ လွတ်လပ်မှု (liberty)နှင့် လူ့အခွင့်အရေး (human rights) တို့ကို ငြင်းပယ်ကာ လုံခြုံမှု (security)နှင့် တည်ငြိမ်မှု (stability) တို့ကိုသာ ရှေ့တန်းတင်အသားပေးခဲ့ကြောင်း ဝေဖန်မှုများလည်း ပေါ်ထွက်လာခဲ့သည်။

....

ယခုအခါ မြန်မာနိုင်ငံကိုလည်း အာရှ၏ နောက်ထပ်လာလတ္တံ့သော ကျားတစ်ကောင်အဖြစ် “တစ်” ပေးနေကြချေပြီ။ ယနေ့ မိမိတို့ကျင့်သုံးနေသော ဒီမိုကရေစီစနစ်သည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်သည်။ မိမိတို့လျှောက်လှမ်းနေသောလမ်းသည် နောက်မလှည့်စတမ်းဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်း ဖြစ်သည်။ တစ်နှစ်မျှပင် မပြည့်တတ်သေးသည့် သက်တမ်းအတွင်း လျှောက်လှမ်းနိုင်ခဲ့သမျှ၊ လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့သမျှတို့က အနာဂတ်အလားအလာကောင်းတို့ကို ဖော်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။ စည်းလုံးညီညွတ်စွာ၊ စည်းကမ်းရှိစွာဖြင့် လမ်းကြောင်းမှန်ကို အရှိန်အဟုန်မြှင့်ကာ ဆက်လက်လျှောက်လှမ်းကြရဦးမည်။ စည်းကမ်းဟူသည် ဒီမိုကရေစီစနစ်၏ အချုပ်အနှောင်တစ်ရပ်မဟုတ်ဘဲ ဒီမိုကရေစီတည်တံ့ခိုင်မြဲရေးအတွက် တွဲဆက်အားဖြည့်ထားသော လိုအပ်ချက်တစ်ရပ်သာ ဖြစ်သည်။

တစ်ချိန်က အောက်ခြေအုပ်ချုပ်မှုအပိုင်းတွင် လုံခြုံမှုနှင့် တည်ငြိမ်မှု (security and stability)ကို အကြောင်းပြုကာ မလိုအပ်ဘဲ အာဏာပြခဲ့ကြခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်တို့ကို အလွဲသုံးစားလုပ်ခဲ့ကြခြင်းစသော အတိတ်အတွေ့အကြုံမျိုးကို ခံစားခဲ့ကြရဖူးသူများအဖို့တွင် “လုံခြုံမှုနှင့် တည်ငြိမ်မှု” ဟူသော စကားရပ်အတွက် ခါးသီးဖွယ်ဖြစ်စေနိုင်ခဲ့သည်။ စင်စစ်မှာမူ အာဏာပြခြင်းနှင့် တာဝန်၊ လုပ်ပိုင်ခွင့်တို့ကို တလွဲအသုံးချခြင်းတို့သည်သာ မှားယွင်းသော၊ မလိုလားအပ်သောအပြုအမူများဖြစ်ပြီး လုံခြုံမှုနှင့် တည်ငြိမ်မှုမှာမူ လူ့အဖွဲ့အစည်းတစ်ရပ်အတွက် မရှိမဖြစ်သောလိုအပ်ချက်များ ဖြစ်သည်။

တစ်နည်းအားဖြင့် လွတ်လပ်မှု (liberty)၊ လူ့အခွင့်အရေး (human rights)နှင့် လုံခြုံမှု (security)၊ တည်ငြိမ်မှု (stability)တို့သည် တစ်ဖက်နှင့်တစ်ဖက် ဆန့်ကျင်နေသောအရာများ မဟုတ်ကြဘဲ သမူဟပြုရမည့်အရာများသာဖြစ်သည်ဟု ဆိုရပေမည်။ ။

နေပြည်တော် ဇန်နဝါရီ ၃၁

စွမ်းအင်ဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် ဩစတြီးယားနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Dr. Johannes PETERLIK သည် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဋ္ဌေးအား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဩစတြီးယားသံအမတ်ကြီးက ယခင်နှစ်နိုင်ငံ အစိုးရအဆက်ဆက်က ဆောင်ရွက်ခဲ့သော လုပ်ငန်းများအား ဆက်လက်အသက်ဝင်ဆောင်ရွက်ခွင့်ရရှိရန်နှင့် စွမ်းအင်ဆိုင်ရာလုပ်ငန်းများနှင့် အခြားသောစီးပွားရေးဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဋ္ဌေးအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် ဩစတြီးယားနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Dr. Johannes PETERLIK လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

စွမ်းအင်ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး

ထို့အတူ ပြည်ထောင်စုဝန်ကြီးအား ဂျပန်နိုင်ငံ Sojitz Corporation ဥက္ကဋ္ဌ Mr. Yoshihisa Suzuki နှင့်အဖွဲ့သည် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် လာရောက်တွေ့ဆုံပြီး စွမ်းအင်ဝန်ကြီးဌာနရှိ ရေနံချက်စက်ရုံများ၊ မက်သနော စက်ရုံနှင့် ဓာတ်မြေဩဇာစက်ရုံများကို ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများအား ဆောင်ရွက်လိုကြောင်း ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မိမိဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လိုခြင်းကို ကြိုဆိုပါကြောင်းနှင့် လုပ်ငန်းများ ဆောင်ရွက်နိုင်မည့်အခြေအနေများကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၈း၁၅ ၁။ ဇာတ်လမ်းတို
၄း၁၅ ၂။ လျှပ်တစ်ပြက်
၄း၃၅ ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၄၀ ၄။ ရှေးဟောင်းသုတ
၅း၃၀ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၃၉)**
၆း၂၀ ၆။ **Mail Box**
၆း၃၅ ၇။ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း -၂၀)
၇း၀၀ ၈။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သစ္စာစေတမာန် (အပိုင်း-၁၂)**
၉။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ဖက်ရှင်ဒီဇိုင်း မော်ဒယ်ဘွိုင်း (ကောင်းပြည့်၊ ယဉ်သူထိုက်၊ ဦးဝင်းနိုင်နှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
၁၀။ လျှပ်တစ်ပြက်
၁၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -တစ်နေ့သောအခါ (အပိုင်း-၁၁)**
၁၂။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃၁ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၉၃၅၈	၀. ၀၃၂၃၃
တရုတ် (ယွမ်)	၆. ၃၀၈၂၀	၀. ၁၅၈၅၂
အိန္ဒိယ (ရူပီး)	၄၉. ၄၅၀၀	၀. ၀၂၀၂၂
မလေးရှား (ရင်းဂစ်)	၃. ၀၅၇၅၀	၀. ၃၂၇၀၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၁၇၀	၀. ၇၉၈၉၁
ဂျပန် (ယန်း)	၇၆. ၃၈၄၈	၀. ၀၁၃၀၉
တောင်ကိုရီးယား(ဝမ်)	၁၁၂၁. ၅၇	၀. ၀၀၀၈၉
ယူရို	၀. ၇၅၈၉၅	၁. ၃၁၇၆၁
ဗြိတိသျှ (ပေါင်)	၀. ၆၃၃၉၇	၁. ၅၇၇၃၆

အင်တာနက်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၃၁

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana သည် ယနေ့ညနေ ၅ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

Mr. Tomas Ojea Quintana အား ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Asxok Nigam နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(ဓါတ်ပုံ)**

(သတင်းစဉ်)

ပန်းဘဲတန်းမြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၁ ရက်က ကျင်းပရာ ပထမတန်းမှ စတုတ္ထတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရရှိသော မောင်အောင်မြင့်မြတ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စန်းနွဲ့ ဆုချီးမြှင့်စဉ်။(ပညာရေး)

မွန်အမျိုးသားနေ့ ပျော်ပွဲရွှင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

မွန်အမျိုးသားနေ့ ကျင်းပရေးကော်မတီ(ရန်ကုန်)က ကြီးမှူး၍ (၆၅)ကြိမ်မြောက် မွန်အမျိုးသားနေ့ ပျော်ပွဲရွှင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် မွန်ရိုးရာယဉ်ကျေးမှုယိမ်းများ၊ ခေတ်ပေါ်မွန်တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေပြီး မွန်ရိုးရာအစားအသောက်နှင့် ပစ္စည်းအရောင်းဆိုင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မည်သူမဆို လွတ်လပ်စွာအားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

အလားတူ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးက အတည်ပြုသော ပြည်ထောင်စုအစိုးရအဖွဲ့၏ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနတို့ကို ပေါင်းစည်း၍ စက်မှုဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။

ပူးပေါင်းကော်မတီများ ဖွဲ့စည်းခြင်းကဏ္ဍ၌ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဥပဒေကြမ်းကော်မတီများတွင် ပါဝင်သော ကော်မတီဝင် ဦးရေ တူညီစွာပါဝင်သည့် **ဥပဒေကြမ်းပူးပေါင်းကော်မတီ**ကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။

ပြည်ထောင်စုလွှတ်တော်က သဘောတူဆုံးဖြတ်သည့် ဥပဒေကြမ်းပူးပေါင်းကော်မတီကို ဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၇)မှ ဦးမြညိမ်း၊ အတွင်းရေးမှူးအဖြစ် ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်းနှင့် အဖွဲ့ဝင်များအဖြစ် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု၊ မော်လိုက်မဲဆန္ဒနယ်မှ ဦးသောင်း၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး၊ ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊ ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို၊ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ၊ ဒီမောဆိုမဲဆန္ဒနယ်မှ ဦးစိုးရယ်၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်၊ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၊ ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင်၊ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဆွန်ဒုတ်ကျင့်၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့်၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးတင်ယု၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှထွန်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးစံထွန်းတို့နှင့် ဖွဲ့စည်းကြောင်း သိရှိရသည်။

အလားတူ ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်သော ငွေစာရင်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နိုင်ရန် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ပြည်သူ့ငွေစာရင်းကော်မတီများတွင် ပါဝင်သော ကော်မတီဝင်ဦးရေ တူညီစွာပါဝင်သည့် **ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ**ကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။

ပြည်ထောင်စုလွှတ်တော်က သဘောတူဆုံးဖြတ်သည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကို ဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၇)မှ ဦးမြညိမ်း၊ အတွင်းရေးမှူးအဖြစ် မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးနှင့် အဖွဲ့ဝင်များအဖြစ် ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော်၊ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၊ ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ညဏ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၊ ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း၊ ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်မှ ဦးစိုးမြင့်၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင်၊ အုတ်တွင်း မဲဆန္ဒနယ်မှ ဦးညီညီမြင့်၊ တွန်းဇံမဲဆန္ဒနယ်မှ ဦးဟောက်ခန့်မန်၊ ဘုတ်ပြင်း မဲဆန္ဒနယ်မှ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဦးအောင်လင်းလှိုင်၊ လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့်၊ ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း၊ ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘရန်ရှောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့်၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာ ခင်မောင်လေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးအုန်းတင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဗိုလ်မှူးကြီး မောင်မောင်ထူးနှင့် ဗိုလ်မှူးမောင်မောင်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၀)မှ ဦးနုတို့နှင့်ဖွဲ့စည်းကြောင်း သိရသည်။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍ၌ **နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းများ**ကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ရှင်းလင်းတင်ပြပြီး လွှတ်တော်သို့ တင်သွင်းသည်။

ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက ဖေဖော်ဝါရီ ၃ ရက်နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

အလားတူ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ရှင်းလင်းတင်ပြပြီး လွှတ်တော်သို့ တင်သွင်းသည်။

၂၀၁၂ ခုနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မူနှင့်အခြေခံသဘောများကို ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များအနေဖြင့် ဖေဖော်ဝါရီ ၆ ရက် နောက်ဆုံးထား၍ လည်းကောင်း၊ ဥပဒေကြမ်း၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်အဆိုတင်သွင်းလိုသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးလိုသည့်အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ကြိုတင်အကြောင်းကြားစာနှင့်အတူ ဖေဖော်ဝါရီ ၁၀ ရက် နောက်ဆုံးထား၍ လည်းကောင်း အမည်စာရင်း တင်သွင်းပေးပို့ကြရန်ဖြစ်သည်။

၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မူနှင့်အခြေခံသဘောများကို ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များအနေဖြင့် ဖေဖော်ဝါရီ ၁၀ ရက် နောက်ဆုံးထား၍ လည်းကောင်း၊ ဥပဒေကြမ်း၏ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ ဆွေးနွေးရန်အဆိုတင်သွင်းလိုသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ကြိုတင်အကြောင်းကြားစာနှင့်အတူ ဖေဖော်ဝါရီ ၁၇ ရက် နောက်ဆုံးထား၍လည်းကောင်း အမည်စာရင်း တင်သွင်းပေးပို့ကြရန်ဖြစ်သည်။

ထိုသို့တင်သွင်းကြရာတွင် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် မိမိဆွေးနွေးချက်နှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန၏အမည်ကိုဖော်ပြပေးရန် ပြည်ထောင်စုလွှတ်တော်နာယက က တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင်ရပ်နားပြီး အစည်းအဝေး ဒုတိယနေ့ကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးဘရွှေအား ဧည့်သည်များလာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၃၁

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား American Association for the Advancement of Science (AAAS) မှ Dr. Vaughan Turekian, Chief International Officer and Director for the Center for Science Diplomacy နှင့် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး အမေရိကန်နိုင်ငံရှိ တက္ကသိုလ်များသို့ ပညာသင်များ စေလွှတ်ရေး၊ တက္ကသိုလ်တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်သွယ်၍ အဆင့်မြင့်ပညာကဏ္ဍတွင် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ဆရာအတတ်ပညာဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြသည်။ **(ယာပုံ)**

အလားတူ ဒုတိယဝန်ကြီးအား ပြင်သစ်နိုင်ငံ University Lumiere (Lyon 2) ဥက္ကဋ္ဌ Mr. Andre TRIAN နှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် လာရောက်တွေ့ဆုံပြီး University Lumiere (Lyon 2) တက္ကသိုလ်နှင့် မြန်မာနိုင်ငံရှိ တက္ကသိုလ်များအကြား အဆင့်မြင့်ပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ပြင်သစ်ဘာသာစကား၊ လူမှုရေးသိပ္ပံဘာသာရပ်များ၊ ဝိဇ္ဇာဘာသာရပ်များ၊ စီးပွားရေးဘာသာရပ်များ၊ နိုင်ငံရေးသိပ္ပံနှင့် ဥပဒေပညာရပ်များတွင် မဟာဘွဲ့၊ ပါရဂူဘွဲ့သင်တန်းများသို့ မြန်မာပညာတော်သင်များ စေလွှတ်နိုင်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၂၂ ရက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးလောင်ရာတွင် မီးငြိမ်းသတ်ရင်း အသက်စွန့်ခဲ့ရသည့် မီးသတ်တပ်ဖွဲ့ဝင် ငါးဦး၏ မိသားစုများအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဘဟာအီသာသနာ့ နေရှင်နယ်အဖွဲ့ချုပ်က တာမွေမြို့နယ် မီးသတ်ဦးစီးဌာနမှူးရုံး မြို့နယ်မီးသတ်ဦးစီးမှူး ရဲသူရိန်ဌေးဝင်းထံ အလှူငွေများ ပေးအပ်စဉ်။ (ကြေးမုံ)

မြန်နန္ဒာလမ်း ကတ္တရာထပ်ပိုးလွှာခင်း

မတ္တရာ ဇန်နဝါရီ ၃၁

မတ္တရာမြို့နယ်အတွင်းရှိ မြို့ပြလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိရာ လမ်းလုပ်ငန်းများအနက် မြန်နန္ဒာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ပေ ၇၀၀ × ၁၂ ပေကို ဇန်နဝါရီ ၁၇ ရက်က ဆောင်ရွက်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးမြင့်အောင်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ပျော်ပွဲရွှင်ပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ရွှေတိဂုံစေတီတော်၏ နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကာလအတွင်း ပျော်ပွဲရွှင်ပွဲများ ကျင်းပရန် စီစဉ်ထားပြီး ထန်းပင်ကုန်းကွင်း၊ ခေတ္တရာကွင်း၊ အနောက်ကားကွင်း စသည့် နေရာသုံးခု၌ ကျင်းပသွားရန်စီစဉ်ထားကြောင်းသိရသည်။

“အဲဒီကာလမှာတော့ ည ၁၀ နာရီ ထိုးတာနဲ့ ဘုရားတံခါးတွေကို ပိတ်ထားမှာဖြစ်ပါတယ်။ ပွဲလာကြည့်တဲ့ ပရိသတ်တွေအနေနဲ့ ပွဲခင်းထဲမှာပဲ ညလုံးပေါက်ကြည့်ရှုနိုင်ပါတယ်”ဟု ဂေါပကအဖွဲ့မှ ရုံးအဖွဲ့မှူး ဦးဝင်းကြိုင်က ဇန်နဝါရီ ၂၆ ရက်တွင် ပြောကြားသည်။

ရွှေတိဂုံစေတီတော် အရှေ့ဘက်စောင်းတန်း၏ ယာဘက်တွင်ရှိသော ထန်းပင်ကုန်းကွင်းတွင် ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ရုပ်သေးပညာရှင် ဦးရဲဒွေးက ညလုံးပေါက် ဖျော်ဖြေမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၄ ရက်တွင် နံနက် ၂ နာရီအထိလည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် နေမိရုပ်သေး ဖျော်ဖြေမှုကို ညဝက်စီ စီစဉ်ထားပြီး ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖွားတော်မူခန်းဖျော်ဖြေမည်ကို ညဝက်စီ စီစဉ်ထားကြောင်း၊ ဖေဖော်ဝါရီ ၂၉ ရက်နှင့် မတ် ၁ ရက်မှ ၃ ရက်အထိ သီရိရာမအဖွဲ့က လေးညတိုင်တိုင် ဖျော်ဖြေမည်ဖြစ်ပြီး မတ် ၄ ရက်မှ ၇ ရက်အထိ လူရွှင်တော်ဖိုက်စတားအငြိမ့်မှ လေးညတိုင်တိုင် ညလုံးပေါက် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

အရှေ့ဘက်စောင်းတန်း၏ ဝဲဘက်တောင်ဘက်မုခ်ကားဝင်းနှင့် ဆက်စပ်နေသော ခေတ္တရာကွင်းတွင် ရုပ်ရှင်ကားကြီးများ ပြသမှုကို ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၉ ရက်အထိ လည်းကောင်း၊ မတ် ၁ ရက်မှ ၇ ရက်အထိ လည်းကောင်း ညလုံးပေါက်ပြသရန် စီစဉ်ထားပြီး ယင်းကာလများအတွင်း ခြင်းလုံးပညာရှင်များ၏ အလှခတ်ဖျော်ဖြေပြသမှုကို ညနေ ၆ နာရီမှ ည ၁၁ နာရီအထိ စီစဉ်ထားကြောင်း သိရသည်။

ထို့ပြင် ဦးဝိစာရလမ်းဘက်တွင်ရှိသော အနောက်ကားကွင်းတွင် ရှုမဝအငြိမ့်မှ ဖျော်ဖြေတင်ဆက်မှုကို ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ညလုံးပေါက် ဖျော်ဖြေမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၄ ရက်တွင် နံနက် ၂ နာရီအထိ လည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ဝက်မအငြိမ့်မှ ညလုံးပေါက်ဖျော်ဖြေမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၈ ရက်၊ ၂၉ ရက်နှင့် မတ် ၁ ရက်တို့တွင် ဂီတအစည်းအရုံးမှ ညဝက်အစီအစဉ်များဖြင့် လည်းကောင်း၊ မတ် ၂ ရက်မှ ၅ ရက်အထိ ရွှေတိဂုံသမိုင်းအကြောင်း တင်ဆက်မှုကို ညဝက်စီစဉ်ထားပြီး မတ် ၆ ရက်နှင့် ၇ ရက်တို့တွင် ညလုံးပေါက် စီစဉ်ထားကြောင်းသိရသည်။

ထက်ခိုင်(စမ်းချောင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁-၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၄၀ “လျှာလိုလူ” တရားတော်
၆း၃၀ ဗုဒ္ဓဝင်ရုပ်စုံတာ မယ်လမုစေတီတော်မှာ
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၁၀၄)**
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၅၇)**
၉း၀၅ သာသနာအတွက်ရည်စူး ယူနီစန်၏အလှူထူး
၉း၄၀ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၉း၅၅ Parkway Health ကင်ဆာဆိုတာဘာလဲ
၁၁း၀၅ ဆေးတက္ကသိုလ်(မန္တလေး) အာစရိယပူဇော်ပွဲ
၁၁း၂၀ ပန်းပျိုးလက်ရဲ့ငွေကြယ်ပွင့်
၁၁း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “တေးသွားကေရီ”(အပိုင်း-၄)**
၁၂း၂၅ Activities in The City (RAN SPEED AUTO CENTER မော်တော်ကားဝန်ဆောင်မှုလုပ်ငန်း ဖွင့်ပွဲအခမ်းအနား)
၁၂း၃၅ ပြည်၊ ရွှေတောင်မြို့ ရှေးဟောင်း မဟာသိမ်တော်ကြီး၊ ဓာတ်တော်များ၊ ဗုဒ္ဓရုပ်ပွားတော်များ ရှာဖွေတွေ့ရှိခြင်း
၅း၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၁၀၅)**
၈း၃၀ ၂၀၁၀ ခုနှစ် အကယ်ဒမီ အကြိုရင်ခုန်သံ
၉း၀၀ Celebrity Style (သက်သခင်)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၅၈)**
၁၀း၂၀ စာအုပ်ပြခန်း (သားသားမီးမီးဖွံ့ဖြိုးမှုအထူးဂရုပြု)
၁၀း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “တေးသွားကေရီ”(အပိုင်း-၅)**
၁၁း၁၅ World of Knowledge
၁၂း၂၀ ရင်သွေးအတွက်သတိတစ်ချက် (ညောင်ညောင်၊ မေသဥ္ဇာဦး၊ ဆုရွှန်းလဲ့၊ ဒေါ်နှင်းဆီ၊ ခေတ်ရှုပါဦး) (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၂း၃၀ **လှုပ်ရှားစုံစုံ မြန်မာ့သုခုမဇာတ်ခုံ**
၁း၀၀ မေတ္တာသည်သာ တတ်စွမ်းနိုင်တာ
၁း၃၀ မြန်မာ့ရုပ်ရှင်သမိုင်း
၁း၅၀ ကျန်းမာလှပတဲ့ဘဝပိုင်ဆိုင်ဖို့ ယောဂကျင့်စဉ်ကျင့်ကြစို့
၂း၁၀ ကြည်နူးဆွတ်ပျံ့သာယာ အဆင့်မြင့်သစ်ခွဥယျာဉ်ကမ္ဘာ
၂း၂၅ Barclays Premier League (Blackburn Vs Newcastle Utd)
၄း၄၀ သမိုင်းထဲကမင်းကွန်း လင်းလွန်းသည့်သာသနာ

Barclays Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၅	Wolves - Arsenal	ESPN
၂း၂၅	Blackburn - Newcastle Utd	STAR SPORTS (MRTV-4)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

ဟော်မုဇ်ရေလက်ကြားပိတ်ဆို့ခံရပါက တုံ့ပြန်ရန် ပင်လယ်ကွေ့အာရပ်နိုင်ငံများ စီမံချက်ချပြီးဖြစ်

အဘူဒါဘီ ဇန်နဝါရီ ၃၁

ဟော်မုဇ်ရေလက်ကြားဒေသကို ပိတ်ဆို့ရန် အီရန်နိုင်ငံက ကြိုးပမ်းလာဖွယ်ရှိပါက ပြန်လည်တုံ့ပြန်နိုင်ရေးအတွက် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ)အဖွဲ့ဝင်နိုင်ငံများ၏ ကမ်းခြေစောင့်တပ်များနှင့် ရေတပ်များသည် အခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့်စီမံချက်များအား ကိုယ်စီချမှတ်ထားကြောင်း ကူဝိတ်ရေတပ်တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

ဂျီစီစီအဖွဲ့တွင် အရှေ့အလယ်ပိုင်းဒေသမှ နိုင်ငံခြောက်နိုင်ငံပါဝင်ပြီး အဖွဲ့ဝင်များဖြစ်သော ဆော်ဒီအာရေဗျ၊ ကူဝိတ်၊ ဘာရိန်း၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ကာတာနိုင်ငံတို့၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ကုန်များ ပြည်ပတင်ပို့ရေးအတွက် ဟော်မုဇ်ရေလက်ကြားရေလမ်းကြောင်းများ ပွင့်နေရေးမှာ အရေးပါသည်။

ဟော်မုဇ်ရေလက်ကြားကို မှီခိုရန်မလိုအပ်သည့် တစ်နိုင်ငံတည်းသော ဂျီစီစီအဖွဲ့ဝင် အီရန်နိုင်ငံသည် ၎င်း၏နျူကလီးယားအစီအစဉ်အား တားမြစ်ရန် အနောက်အုပ်စုနိုင်ငံများက အရေးယူပိတ်ဆို့မှုများ တိုးမြှင့်မည်ဆိုပါက ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့မည်ဖြစ်ကြောင်း ခြိမ်းခြောက်ထားသည်။

ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်း၍ ပြည်ပသို့ ရေနံသယ်ဇာတတင်ပို့နိုင်ရေးနှင့် ပြည်ပထုတ်ကုန်များ တင်သွင်းနိုင်ရေးသည် ဂျီစီစီအဖွဲ့ဝင်နိုင်ငံများအတွက် အရေးကြီးသောကိစ္စတစ်ရပ်ဖြစ်သည်။

ယင်းရေလက်ကြားဒေသ လုံခြုံတည်ငြိမ်ရေးအတွက် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီသာမက အဖွဲ့အစည်းတစ်ရပ်အနေဖြင့်လည်း ဂျီစီစီက အခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် စီမံချက်ချမှတ်ထားပြီးဖြစ်ကြောင်း ကူဝိတ်ကမ်းခြေစောင့်တပ်ဖွဲ့တပ်မှူး မူဘာရက်ခ်အလီ အယ်လ်ဆာဘားက ပြောကြားခဲ့သည်။

အီရန်မှအပ ကျန်ဂျီစီစီအဖွဲ့ဝင်နိုင်ငံများ ချမှတ်ထားသော စီမံချက်များအရ အဖွဲ့ဝင်နိုင်ငံများ၏ ကမ်းခြေစောင့်တပ်ဖွဲ့နှင့် ရေတပ်များ၊ အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျနှင့် ပြင်သစ်အပါအဝင် ဒေသတွင်းကင်းလှည့်နေသည့် အနောက်အုပ်စုရေတပ်များအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးလည်း ပါဝင်ကြောင်း အယ်လ်ဆာဘားက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အင်တာနက်။

ပါရှန်ပင်လယ်ကွေ့ ဟော်မုဇ်ရေလက်ကြား၌ ပြုလုပ်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၃ ရက်တွင် အဆုံးသတ်ခဲ့သည့် ၁၀ ရက်ကြာ အီရန်ရေတပ် စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို တွေ့ရစဉ်။

ကနေဒါရောက်အာဖဂန်မိသားစု ဂုဏ်သိက္ခာဆယ် သတ်ဖြတ်မှုများကျူးလွန်ခဲ့ကြောင်း တရားရုံးဆုံးဖြတ်

ကင်းစတန် ဇန်နဝါရီ ၃၁

ကနေဒါနိုင်ငံ၌ နေထိုင်သော အာဖဂန်မိသားစုတစ်စု၏ မိသားစုဝင်သုံးဦးတို့သည် ဆယ်ကျော်သက်အရွယ် သွေးသားရင်းချာ ညီအစ်မသုံးဦးနှင့် အခြားအမျိုးသမီးတို့ကို သွေးအေးအေးဖြင့် သတ်ဖြတ်ရာတွင် အပြစ်ရှိကြောင်း အွန်တေရီယိုပြည်နယ် ကင်းစတန်မြို့တရားရုံးက ဇန်နဝါရီ ၂၉ ရက်တွင် ဖော်ထုတ်တွေ့ရှိခဲ့သည်။

အဆိုပါ လူသတ်မှုများသည် “မိသားစုဂုဏ်ဆယ်ယူရေး”

အယူအဆကို အကြောင်းပြု၍ ဖြစ်ပေါ်ခဲ့သော လက်သင့်မခံနိုင်ဖွယ်ရာဇဝတ်မှုဖြစ်ကြောင်း အစိုးရရှေ့နေများက သတ်မှတ်ခဲ့ရာ ကနေဒါနိုင်ငံသားများအကြား အံ့ဩတုန်လှုပ်ခဲ့ရသည်။

အသက် (၅၈) နှစ်အရွယ် မိုဟာမက် ရှာဖီရာ**(အောက်ဝဲပုံ)** ဆိုသူ အမျိုးသား၊ ၎င်း၏ဇနီးနှင့် သားဖြစ်သူတို့အား မိသားစုဂုဏ်သရေ ဆယ်ယူရေးအယူအဆအရ ဆယ်ကျော်သက်အရွယ် ညီအစ်မသုံးဦးနှင့် ရှာဖီရာ၏ ပထမဇနီးတို့ကို ကြိုတင်ကြံစည်သတ်ဖြတ်မှုဖြင့် ကနေဒါရဲတပ်ဖွဲ့က စွဲချက်တင်ခဲ့သည်။

ကနေဒါနိုင်ငံ၏ ဥပဒေအရ ကြိုတင်ကြံစည်ပြီးမှ လူသတ်မှုကျူးလွန်ပါက ထောင်ဒဏ်တစ်သက်တစ်ကျွန်း လျှော့ရက်မရှိ ပြစ်ဒဏ်ချခံရမည်ဖြစ်သည်။

သေဆုံးသူများ၏ ရုပ်အလောင်းများကို အွန်တေရီယိုပြည်နယ် ကင်းစတန်မြို့ တူးမြောင်းတစ်ခုအတွင်း နစ်မြုပ်နေသည့် မော်တော်ယာဉ်ထဲ၌ ၂၀၀၉ ခုနှစ် ဇွန် ၃၀ ရက်တွင် တွေ့ရှိခဲ့ရသည်။

ယင်းရာဇဝတ်မှုသည် ကြိုတင်ကြံစည်ပြီးမှ ကျူးလွန်ခဲ့သော ရာဇဝတ်မှုဖြစ်ပြီး ပြစ်မှုကျူးလွန်ပြီးမှ မတော်တဆဖြစ်ခဲ့သယောင် သဲလွန်စဖျောက်ထားခဲ့ခြင်းဖြစ်ကြောင်း ကနေဒါအစိုးရရှေ့နေများက ပြောကြားခဲ့သည်။

သေဆုံးသူများသည် ဝတ်စားဆင်ယင်မှု၊ ယောက်ျားလေးအဖော်များဖြင့် သွားလာမှု၊ ခေတ်ဆန်မှု၊ အင်တာနက်အသုံးပြုမှုတို့နှင့် ပတ်သက်၍ ချမှတ်ထားသော စည်းမျဉ်းများအား ဖောက်ဖျက်ခဲ့ခြင်းကြောင့် အသတ်ခံခဲ့ရခြင်းဖြစ်သည်။

အင်တာနက်။

အနောက်ဘက်ကမ်းဒေသခွဲခြမ်းရေးစည်းကို နယ်နိမိတ်အဖြစ် သတ်မှတ်ရန် အစ္စရေးအဆိုပြု

ရာမာလာ ဇန်နဝါရီ ၃၁

အနာဂတ်ပါလက်စတိုင်းနိုင်ငံတော်၏ နယ်နိမိတ်အဖြစ် အနောက်ဘက်ကမ်းဒေသ ခွဲခြမ်းရေးစည်းကို ထားရှိရန် အစ္စရေးနိုင်ငံက အဆိုပြုလျက်ရှိကြောင်း ပါလက်စတိုင်းတာဝန်ရှိသူများက ဇန်နဝါရီ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

မကြာမီရက်ပိုင်းအတွင်းပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေးအကြိုဆွေးနွေးပွဲများ၌ အစ္စရေးနိုင်ငံက တင်ပြခဲ့သော မူဝါဒစည်းမျဉ်းများအား ထောက်ရှု၍ ပါလက်စတိုင်းတာဝန်ရှိသူများက ယင်းသို့ အဓိပ္ပာယ်ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အစ္စရေးနိုင်ငံအနေဖြင့် အရှေ့ဂျေရုဆလင်နှင့် ဂျူးအခြေစိုက်အိမ်ရာများကို အနောက်ဘက်ကမ်းဒေသခွဲခြမ်းရေးစည်း၏ နောက်ဘက်၌ ထားရှိလိုကြောင်း အစ္စရေးကိုယ်စားလှယ်က ပါလက်စတိုင်းကိုယ်စားလှယ်များအား ဆွေးနွေးပွဲများအတွင်း ပြောကြားခဲ့သည်။

သို့ရာတွင် အစ္စရေးနိုင်ငံ၏ အဆိုပြုချက်အရ ဂျေရုဆလင်သည် အစ္စရေးပိုင်နက်အတွင်း ကျန်ရစ်ခဲ့မည်ဖြစ်ရာ ယင်းအဆိုပြုချက်ကို ပါလက်စတိုင်းတို့က လက်ခံနိုင်မည့် အလားအလာမရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

အစ္စရေးနိုင်ငံ၏ နယ်နိမိတ်သတ်မှတ်ရေးဆိုင်ရာ အဆိုပြုချက်သည် ပါလက်စတိုင်းလွတ်လပ်ရေးကို ဆန့်ကျင်သူတစ်ဦးအဖြစ် အစဉ်တစိုက်ရပ်တည်ခဲ့သော အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟု၏ သိသာထင်ရှားသည့် ခြေလှမ်းတစ်ရပ်ဖြစ်သည်။

အနာဂတ်ပါလက်စတိုင်းနိုင်ငံတော်အတွက် နယ်နိမိတ်ရေးဆွဲရေးဆိုင်ရာ စည်းမျဉ်းများကို ပါလက်စတိုင်းကိုယ်စားလှယ်များထံ တင်ပြခဲ့ပြီးဖြစ်ကြောင်း အစ္စရေးနိုင်ငံက အတည်ပြုခဲ့သည်။ ***အင်တာနက်။***

ဟေတီနှင့် ဒိုမီနီကန်နိုင်ငံများ အနာဂတ်၌ အင်အားပြင်းငလျင်များနှင့် ထပ်မံရင်ဆိုင်ရနိုင်

ပေါ်တိုပရင့်စ် ဇန်နဝါရီ ၃၁

ဟေတီနိုင်ငံနှင့် အိမ်နီးချင်း ဒိုမီနီကန်သမ္မတနိုင်ငံတို့သည် အင်အားပြင်းမြေငလျင်များ ပုံမှန်လှုပ်ခတ်မည့်ကာလတစ်ရပ်နှင့် ရင်ဆိုင်ရနိုင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၂၆ ရက်ထုတ် သိပ္ပံပညာရပ်ဆိုင်ရာ လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

လွန်ခဲ့သော နှစ်နှစ်ခန့်မှုက လှုပ်ခတ်ခဲ့သော အင်အားရစ်ချ်တာစကေး ၇ ဒသမ သုညအဆင့်ရှိ ဟေတီငလျင်သည် အလားတူအင်အားမျိုးရှိသည့် မြေငလျင်များစွာ၏ ရှေ့ပြေးဖြစ်နိုင်ဖွယ်ရှိကြောင်း အဆိုပါ လေ့လာချက်တွင် ဖော်ပြထားသည်။

၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် ပြိုကျပျက်စီးခဲ့ရသည့် ဟေတီနိုင်ငံ ပေါ်တိုပရင့်စ်မြို့ရှိ သမ္မတနန်းတော်။

၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် လှုပ်ခတ်ခဲ့သော ဟေတီငလျင်ကြောင့် ဟေတီနိုင်ငံမြို့တော် ပေါ်တိုပရင့်စ်အပါအဝင် အခြားမြို့ကြီးများ အကြီးအကျယ်ပျက်စီးခဲ့ရပြီး တရားဝင်ထုတ်ပြန်ချက်များအရ လူပေါင်း ၃၁၄၀၀၀ သေဆုံးကာ လူနေအိမ်ထောင်ပေါင်းများစွာ ပျက်စီးခဲ့ရကြောင်း သိရသည်။

၂၀၁၀ ဟေတီမြေငလျင်သည် နှစ်ပေါင်း ၂၄၀ ကြာမျှ လှုပ်ရှားမှုမရှိခဲ့သော အင်ရီကွီလိုပြတ်ရွေ့ကြောပေါ်၌ ဖြစ်ပေါ်မည့် ငလျင်များ၏ အစဖြစ်နိုင်ဖွယ်ရှိကြောင်း အမေရိကန်ပြည်ထောင်စု ဘူမိတိုင်းတာရေးအင်ဂျင်စီမှ ပညာရှင်တစ်ဦးက လေ့လာချက်တွင် ရေးသားဖော်ပြခဲ့သည်။

အင်ရီကွီလို (Enriquillo)ပြတ်ရွေ့ကြော၌ ယနေ့အခါတွင် မြေလွှာလှုပ်ရှားမှုများ ဖြစ်ပေါ်နေပုံရှိရာ ဟေတီနှင့် ဒိုမီနီကန်နိုင်ငံတို့အနေဖြင့် အနာဂတ်မြေငလျင်ကပ်ဘေးများအတွက် ပြင်ဆင်ထားရန် သိပ္ပံပညာရှင်များက သတိပေးထားသည်။

သိပ္ပံပညာရှင်များ၏ အဆိုအရ ၁၇၀၁ ခုနှစ်မှ ၁၇၇၀ ခုနှစ်အတွင်း အင်အားရစ်ချ်တာစကေး ၆ ဒသမ ၆ အဆင့်နှင့်အထက် ငလျင်ကြီးလေးခုတို့သည် ဟေတီနှင့် ဒိုမီနီကန်တို့ ပူးတွဲပိုင်ဆိုင်သည့် ဟစ္စပန်နီယိုလာ ကျွန်းဆွယ်ဒေသ၌ လှုပ်ခတ်ခဲ့ဖူးကြောင်း သိရသည်။

အင်တာနက်။

ဆော်ဒီအာရေဗျ၌ တာလီဘန်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် အာဖဂန်အစိုးရစီစဉ်နေ

ကဘူး ဇန်နဝါရီ ၃၁

အာဖဂန်နစ္စတန်အစိုးရတာဝန်ရှိသူများသည် တာလီဘန်စစ်သွေးကြွများနှင့် တိုက်ရိုက်ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို လာမည့်ရက်သတ္တပတ်များအတွင်း ပြုလုပ်သွားရန် စီစဉ်လျက်ရှိကြောင်း ဇန်နဝါရီ ၂၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

အာဖဂန်အစိုးရတာဝန်ရှိသူများနှင့် ငြိမ်းချမ်းရေးလိုလားသော တာလီဘန်အုပ်စုအချို့တို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲတစ်ရပ်ကို ဆော်ဒီအာရေဗျနိုင်ငံ၌ ကျင်းပသွားရန် စီစဉ်ထားကြောင်း ကဘူးမြို့မှ အာဖဂန်အစိုးရထိပ်တန်းတာဝန်ရှိသူတစ်ဦးက အတည်ပြုခဲ့သည်။

အစိုးရနှင့် တာလီဘန်တို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပမည်ဟူသော သတင်းနှင့်ပတ်သက်၍ အာဖဂန်သမ္မတဟာမစ်ကာဇိုင်း၏ သမ္မတရုံးမှသော် လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနကသော် လည်းကောင်း အတည်ပြုလိမ့်မည်မဟုတ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

သို့ရာတွင် တာလီဘန်များနှင့် အစိုးရတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဆော်ဒီအာရေဗျ သို့မဟုတ် တူရကီနိုင်ငံ၌ မကြာမီကျင်းပနိုင်လိမ့်မည်ဟု အကောင်းဘက်မှ ရှုမြင်ထားကြောင်း အာဖဂန်အဆင့်မြင့်ငြိမ်းချမ်းရေးကောင်စီအဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

အာဖဂန်အစိုးရတာဝန်ရှိသူများနှင့် တာလီဘန်များအကြား တိုက်ရိုက်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖော်ဆောင်ရာတွင် ပါကစ္စတန်နိုင်ငံသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လာနိုင်ကြောင်း ၎င်းက သုံးသပ်ပြောကြားခဲ့သည်။

အင်တာနက်။

ကုန်စည်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ကုန်စည်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၃၁

ကုန်စည်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အစိုးရသစ် သက်တမ်း ၁၀ လအတွင်း အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်ဈေးနှုန်းများ တည်ငြိမ်နေသည်ကို တွေ့ရကြောင်း၊ စပါးဈေးနှုန်းများ ကျနေခြင်းကြောင့် တောင်သူအများစုအနေဖြင့် ထုတ်လုပ်မှုစရိတ်နှင့် မကွာတော့သည့်အတွက် နစ်နာမှုများရှိကြောင်း၊ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် အရန်ဆန်စပါးဝယ်ယူရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တစ်ဖက်မှာလည်း စားသုံးသူများအတွက် သင့်တင့်မျှတသော ဈေးနှုန်းနှင့် အရည်အသွေးရရှိအောင် ဆောင်ရွက်နေကြောင်း၊ ယခုအခါ စားသုံးသူကာကွယ်ရေး (Consumer Protection) အတွက် တင်သွင်းလာသည့် စားသောက်ကုန်များသည် FDA ထောက်ခံချက်အပြင် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများအတိုင်း Expired date ကိုလည်း အနည်းဆုံး တစ်နှစ်ရှိရန်လိုအပ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးတိုးတက်စေရန် တနင်္သာရီတိုင်းဒေသကြီး၌ မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းကို မကြာခင်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ဆက်လက်၍ ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်သင့်သည့်နေရာများတွင်လည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ရေထွက်ပစ္စည်း ပို့ကုန်လုပ်ငန်းများ၌ တွေ့ကြုံနေရသည့် အရင်းများနေသည့် ကိစ္စကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုအပိုင်းတွင် ပြုပြင်ပြောင်းလဲသင့်သည်များကို မြန်မြန်ဆန်ဆန် ဆောင်ရွက်လိုကြောင်း၊ အခက်အခဲအဟန့်အတားများ ဖြစ်ပေါ်ခဲ့သည့်အခြေအနေနှင့် ဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ အကြံပြုချက်များကို ဦးစားပေးတင်ပြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၁

ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တက်ရောက်၍ အမှာစကားပြောကြားရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဆပ်ကော်မတီများ၌ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်နေရသည့်အတွက် ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို မိမိဌာနလုပ်ငန်းများနှင့်ယှဉ်ပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျေးရွာများ၌ ဖွင့်လှစ်ထားသည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို စံ(၅)ချက်နှင့် ညီအောင် ဆောင်ရွက်ရာတွင် ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အအုံ ဖြစ်ပေါ်လာရေး၊ စာကြည့်တိုက်၌ မျိုးဆက်သစ်လူငယ်များအတွက် အသိပညာဗဟုသုတရရှိစေရန် နေ့စဉ်ထုတ်သတင်းစာများ၊ စာကောင်းပေမွန်စာအုပ်များ ဖြည့်တင်းပေးနိုင်ရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် ကျေးရွာစာကြည့်တိုက်ငွေပဒေသာပင်များ ထူထောင်ပေးရေး၊ စာဖတ်သူတိုးပွားရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်စွမ်းအား မြင့်မားရေးကို နည်းလမ်းများရှာကြံပြီး နိုင်ငံတော်အစိုးရ၊ ဘဏ်များ၊ ငွေစုငွေချေးသမဝါယမများ၊ ဖောင်ဒေးရှင်းများ၊ လုပ်ငန်းရှင်များ၊ ပြည်တွင်းမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ စေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စသည့်အားများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအားလုံးကလည်း နိုင်ငံတော်အစိုးရသစ်၏ လုပ်ဆောင်ချက်များကို ပြည်သူများ နားလည်သဘောပေါက်အောင် မီဒီယာနည်းလမ်းမျိုးစုံဖြင့် ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ မူလတာဝန်ဖြစ်သည့် ပြန်ကြားပေးရန်၊ ပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ဟူသော တာဝန်များအပြင် မြန်မာ့မီဒီယာလောကကို အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံပြီး စစ်မှန်သော စတုတ္ထမဏ္ဍိုင် ဖြစ်ပေါ်လာရေးကို ဝန်ထမ်းများအားလုံး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။ ဆက်လက်၍ ရှမ်းပြည်နယ် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက ဌာန၏ လုပ်ငန်းဆောင်ရွက်နိုင်မှုများနှင့် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ရုံးခန်းမအတွင်းရှိ စာကြည့်တိုက်ကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

ဇန်နဝါရီ ၂၅ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံ မြို့နယ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မြို့နယ်ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အထက(၁) မင်္ဂလာဒုံ၌ ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းစံအောင် ကျောင်းအုပ်ချုပ်မှုထူးချွန်ဆုရ အထက်တန်းကျောင်းအုပ်ကြီးများအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁-၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ပရိတ်တရားတော်
- ၇း၄၀ ၂။ ဓမ္မနုဂ္ဂဟ ဓမ္မကဌာ (ရွှေယမင်းဦး၊ တေးရေး-မျိုးနွယ်ဆွေ၊ စကားပြော-သိန်းလှမော်)
- ၈း၂၀ ၃။ "ဆုံစည်းခွင့်"
- ၈း၃၀ ၄။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၄၀ ၅။ International News

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၃၅ ၂။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
- ၅း၁၀ ၃။ International Science News
- ၅း၂၀ ၄။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၃၀ ၅။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅း၄၀ ၆။ "လူကုန်ကူးမှုတားဆီး ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ချက်များ" (မူဆယ်ခရိုင်၊ မူဆယ်မြို့)
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၁၅ ၈။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၉။ "ဒီအတိုင်းပဲကောင်းပါတယ်" (ကျော်ဟိန်း၊ မတူး) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိန်းထွဋ်၊ ကျော်ဟိန်း)
- ၇း၂၅ ၁၀။ လက်တွေ့တင်ဆက် ကလေးတို့အိပ်မက်
- ၇း၄၅ ၁၁။ "နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်" (အပိုင်း-၂)
- ၈း၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၂၉)
- ၁၄။ မြန်မာရုပ်ရှင် "နေကျောက်ခဲ" (ကျော်ဟိန်း၊ ထွန်းထွန်းနိုင်၊ အောင်လွင်၊ ခင်သီတာထွန်း၊ ဆွေဇင်ထိုက်) (ဒါရိုက်တာ-သင်းသင်းယု)

ကျောက်ပန်းတောင်းမြို့နယ် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ပူဇော်မည်

ကျောက်ပန်းတောင်း ဇန်နဝါရီ ၃၁

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ ဂုဏဝိသိဋ္ဌပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မတ် ၂၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီး အကောက်ခွန်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားတွင် နိုင်ငံတော်မှ ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းခံရသော ကျောက်ပန်းတောင်း ဇာတိနွယ်ဖွား ဆရာတော်သုံးပါးတို့အား ဂုဏဝိသိဋ္ဌ ပူဇော်ခြင်းနှင့် ပညာရည်ချွန်ဆုများ ချီးမြှင့်မည်ဖြစ်ရာ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်း မူရင်းနှင့်မိတ္တူ အထောက်အထား ပြည့်စုံစွာဖြင့် ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း) ဖုန်း-၅၅၉၄၇၂၊ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း) ဖုန်း-၄၃၀၃၃၅၊ ဦးအေးလွင် ဖုန်း-၆၆၆၄၅၆၊ ဦးရဲညွန့် ဖုန်း-၅၄၈၈၃၈၊ ဦးမောင်မောင်လှ ဖုန်း-၂၄၀၀၄၇၊ ဦးမြင့်လွင် ဖုန်း-၅၁၀၄၅၂၊ ဦးသန်းထွန်း ဖုန်း-၅၇၁၇၅၆၊ ဦးရဲမြ(ကေအမ်ဒီ)ဖုန်း-၂၉၈၂၈၁နှင့် ဒေါ်ဆွေဆွေညိမ်း ဖုန်း-၅၆၀၈၇၄ တို့သို့ အချိန်မီ ဆက်သွယ်စာရင်းပေးကြရန် နှိုးဆော်ထားကြောင်း သိရသည်။(ကြေးမုံ)

စာပေမြင့်မှ လူမျိုးတင့်မည်

မိုးရေချိန်စံချိန်သစ်

နေပြည်တော် ဇန်နဝါရီ ၃၁

ဇန်နဝါရီ ၃၁ ရက် နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲအချိန်တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်း၌ ဇန်နဝါရီလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့သည်-

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စခန်းဖွင့်သည့်နှစ်မှ စ၍ လွန်ခဲ့သောနှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	မြိတ်	၈၂	၃.၂၃	၆၉	၂.၇၂	၁၃-၁-၂၀၀၄	၆၂

(သတင်းစဉ်)

စာပေမျိုးဆက်များ တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

စာရေးဆရာကြီး စာရေးဆရာမကြီးများ၏ စာပေအမွေဆက်ခံသူ၊ စာရေးသားနေသူ စာပေမျိုးဆက်များ တွေ့ဆုံပွဲကို ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)Mr.Brown Cafe ၌ ဖေဖော်ဝါရီ ၄ ရက် (စနေနေ့) ညနေ ၃ နာရီတွင် ကျင်းပမည်ဖြစ်ရာ စာပေမျိုးဆက်များ တက်ရောက်နိုင်ရန်အတွက် သမီးတင့်တယ် ဖုန်း-၀၉-၅၁၅၂၅၆၁ နှင့် မေအောင်လင်း ဖုန်း-၀၉-၄၉၂၉၀၇၂၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (ကိုကြီးသာ)

အစိမ်းရောင်စီးပွားရေးဆီသို့ - ၃

အငြိမ်းစားပါမောက္ခချုပ်
ဦးဝင်းကြည်
(သစ်တောတက္ကသိုလ်)

တောင်အာဖရိကနိုင်ငံ ဒါဗန် (Durban)မြို့၌ ၂၀၁၁ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများအတွင်း ကျင်းပခဲ့သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂဆွေးနွေးပွဲ (COP 17 - Conference of the Parties 17)မှ ကျိုတိုသဘောတူညီချက်ကို နောက်ထပ် (၅)နှစ် သက်တမ်းတိုးရန် တက်ရောက်ခဲ့သည့် နိုင်ငံများက သဘောတူညီခဲ့ကြကြောင်း ဝမ်းမြောက်ဖွယ် ကြားသိခဲ့ရပါသည်။

ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုများကို တိုက်ဖျက်ရေးအတွက် မှန်လုံအိမ်ဓာတ်ငွေ့ (Greenhouse Gases - GHGs) ထုတ်လွှတ်မှုလျှော့ချရန် ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့က ဂျပန်နိုင်ငံ ကျိုတိုမြို့တွင် **"ကျိုတိုသဘော တူညီချက်"**-**"Kyoto Protocol"** ကို ကမ္ဘာ့နိုင်ငံအများ စုပေါင်း၍ ပြဋ္ဌာန်းနိုင်ခဲ့ပြီး ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှစတင်၍ အသက်ဝင်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့အထိ နိုင်ငံပေါင်း ၁၉၁ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ၂၀၀၃ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့က ယင်းသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။

သဘောတူလက်မှတ်ရေးထိုးပြီးနိုင်ငံများအနက် ဖွံ့ဖြိုးပြီးနိုင်ငံ ၂၆ နိုင်ငံနှင့် စီးပွားရေးအသွင်ကူးပြောင်းဆဲနိုင်ငံများ(Countries with Economics in Transition -EITS) ၁၃ နိုင်ငံ၊ ပေါင်း ၃၉ နိုင်ငံကို Annex I Parties ဟု သတ်မှတ်ပြီး ကျန်ဖွံ့ဖြိုးဆဲနိုင်ငံများကို Non-Annex I Parties ဟု သတ်မှတ်ထားပါသည်။ Annex I နိုင်ငံများအဖြစ် သတ်မှတ်ခံရသည့် နိုင်ငံများသည် ၁၉၉၀ ပြည့်နှစ်က ယင်းတို့ထုတ်လွှတ်ခဲ့သော GHGs ပမာဏ၏ ၅ ဒသမ ၂ ရာခိုင်နှုန်း လျှော့ချကြရမည်ဖြစ်ပါသည်။ သတ်မှတ်ကာလမှာ ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဖြစ်ပါသည်။ Non-Annex I Parties တွင်ပါဝင်သော နိုင်ငံများ အနေဖြင့်မူ GHGs ထုတ်လွှတ်မှု လျှော့ချရန် တာဝန်မရှိပါ။ အင်အားကြီးစက်မှုနိုင်ငံကြီး နှစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအဆင့်တွင် သာရှိသဖြင့် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရန် တာဝန်မရှိသေးပါ။ လျှော့ချရမည့် မှန်လုံအိမ်ဓာတ်ငွေ့ (၆)မျိုးမှာ - ကာဗွန်ဒိုင်အောက်ဆိုက် (CO_2)၊ မီသိန်း (CH_4)၊ နိုက်ထရပ်စ်အောက်ဆိုက် (N_2O)၊ ဟိုက်ဒရိုဖလူအိုရိုကာဗွန် (Hydro-Fluoro-Carbons-HFCs)၊ ပါဖလူအိုရိုကာဗွန် (Perfluoro-Carbons-PFCs)နှင့် ဆာလ်ဖာဟက်ဆာဖလူအိုရိုက် (Sulphur hexafluoride-SF_6) တို့ ဖြစ်ကြပါသည်။

ကျိုတို သဘောတူညီချက်ကို နောက်ထပ် (၅)နှစ်သက်တမ်းတိုးမည့် သဘောတူညီမှုရရှိသည့် သတင်းကို ကြားသိရပြီး မရှေးမနှောင်းမှာပင် ကနေဒါနိုင်ငံသည် ကျိုတိုသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးထားခြင်းမှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့က နုတ်ထွက်လိုက်ကြောင်း အံ့သြဖွယ်ကြားသိရပါသည်။ ယင်းနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ် ကုန်ဆုံးသည့်အခါတွင် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ဝန်ခံချက်အတိုင်း မလျှော့ချနိုင်ပါက အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၆ ဘီလီယံ လျော်ကြေးပေးရမည်ဖြစ်ကြောင်း၊ GHGs ထုတ်လွှတ်မှုကို ၁၉၉၀ ပြည့်နှစ်က ထုတ်လွှတ်မှုထက် ၆ ရာခိုင်နှုန်း လျှော့ချရန် ဝန်ခံခဲ့သော်လည်း ၂၀၀၉ ခုနှစ်အတွင်းက GHGs ထုတ်လွှတ်မှုသည် ၁၉၉၀ ပြည့်နှစ်ကထက် ၁၇ ရာခိုင်နှုန်းတိုင် ပိုမိုမြင့်တက်နေသဖြင့် ယခုကဲ့သို့ ကြိုတင်၍ နုတ်ထွက်သွားခြင်းဖြစ်ကြောင်း၊ ကနေဒါနိုင်ငံသည် ကျိုတိုသဘောတူညီချက်မှ ပထမဦးဆုံးနုတ်ထွက်သည့် နိုင်ငံဖြစ်ကြောင်း သိရှိရပါသည်။

တစ်ဆက်တည်းမှာပင် ကမ္ဘာပေါ်တွင် အင်အားအကြီးဆုံးနိုင်ငံကြီးဖြစ်သည့် အမေရိကန်ပြည်ထောင်စုက ယခုအချိန်ထိ ကျိုတိုသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းမရှိသည့် အကြောင်းရင်းကို သိရှိလိုသဖြင့် လက်လှမ်းမီသမျှ စာအုပ်စာတမ်းများနှင့် အင်တာနက်သတင်းများကို ရှာဖွေလေ့လာခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စု၌ အသုံးပြုလျက်ရှိသည့် လျှပ်စစ်ဓာတ်အားပမာဏ စုစုပေါင်း၏ ထက်ဝက်ခန့်ကို ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ (Coal Power Plant)များမှ ရရှိနေခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးကာဗွန်ထုတ်လုပ်မှု စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းခန့်သည် ယင်းစက်ရုံများမှ ထုတ်လွှတ်နေခြင်းဖြစ်ကြောင်း၊ ၂၀၀၉ ခုနှစ်က လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် သုံးစွဲခဲ့သော လောင်စာအမျိုးမျိုး၏ ရာခိုင်နှုန်းများမှာ ကျောက်မီးသွေး - ၄၄ ဒသမ ၈၊ သဘာဝဓာတ်ငွေ့ - ၂၃ ဒသမ ၄၊ နျူကလီးယားစွမ်းအင် - ၂၀ ဒသမ ၃၊ ရေအားစွမ်းအင် - ၆ ဒသမ ၉၊ ပြန်ပြည့်မြဲစွမ်းအင်များ (နေရောင်ခြည်စွမ်းအင်၊ လေအားစွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ ဇီဝလောင်စာ စသည်များ) - ၃ ဒသမ ၆ နှင့် ဓာတ်ဆီ ၁ ရာခိုင်နှုန်း အသီးသီးရှိကြသဖြင့် အမေရိကန်ပြည်ထောင်စု၌ပင်လျှင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် ကျောက်မီးသွေးလောင်စာကို အဓိကအားထားနေရပါသည်။

၂၀၀၆ ခုနှစ်က ကမ္ဘာ့လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် လောင်စာအမျိုးမျိုးနှင့် စွမ်းအင်အမျိုးမျိုးအလိုက် သုံးစွဲလျက်ရှိသော ရာခိုင်နှုန်းများမှာ ကျောက်မီးသွေး ၄၁၊ သဘာဝဓာတ်ငွေ့ ၂၀၊ ရေအားစွမ်းအင် ၁၆၊ နျူကလီးယားစွမ်းအင် ၁၅၊ ဓာတ်ဆီဒီဇယ် ၆ နှင့် နေရောင်ခြည်စွမ်းအင်၊ လေအားစွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ ဇီဝလောင်စာ၊ အမှိုက် စသည်များ ၂ ရာခိုင်နှုန်း အသီးသီးရှိကြသဖြင့် ကျောက်မီးသွေးလောင်စာသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် အဓိကကဏ္ဍမှ ပါဝင်လျက်ရှိသည်မှာ ထင်ရှားကြောင်း၊ ထို့ပြင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် ကျောက်မီးသွေး သုံးစွဲမှုသည် ဆက်လက်၍ များပြားနေဦးမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်သို့ ရောက်ရှိသည့်တိုင် ကမ္ဘာ့လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၏ ၄၄ ရာခိုင်နှုန်းကို ကျောက်မီးသွေးလောင်စာမှပင် ထုတ်လုပ်ရဦးမည်ဖြစ်ကြောင်း၊ ကျောက်မီးသွေးသုံးစွဲမှုသည် ၂၀၀၆ ခုနှစ်က မက်ထရစ်တန် ၆ ဒသမ ၁၂၅ ဘီလီယံရှိခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် မက်ထရစ်တန် ၉ ဒသမ ၀၅၆ ဘီလီယံခန့် ရှိမည်ဖြစ်ကြောင်း ခန့်မှန်းထားကြပါသည်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် နိုင်ငံအချို့၏ ကျောက်မီးသွေးသုံးစွဲမှု ရာခိုင်နှုန်းများမှာ တရုတ် ၇၉၊ ဩစတြေးလျ ၇၇၊ အိန္ဒိယ ၆၉၊ အမေရိကန်ပြည်ထောင်စု ၄၉၊ ဂျာမနီ ၄၆ အသီးသီး ရှိကြပါသည်။ ကမ္ဘာ့လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည်လည်း ဆက်လက်၍ ပိုမိုများပြားနေဦးမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် လက်ရှိပမာဏထက် ၆၀ ရာခိုင်နှုန်း ပိုမိုများပြားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစုစုပေါင်း၏ ၈၅ ရာခိုင်နှုန်းကို ရုပ်ကြွင်းလောင်စာများမှ ထုတ်လုပ်ရမည်ဖြစ်ကြောင်း မှတ်သားရပါသည်။

အမေရိကန်ပြည်ထောင်စုမှ လူဦးရေ အလွန်ထူထပ်သော ချီကာဂိုမြို့ကြီးရှိ Fisko ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားပမာဏ ၃၂၆ မဂ္ဂါဝပ် ထုတ်လုပ်လျက်ရှိပြီး ယင်းစက်ရုံသည် အမေရိကန်ပြည်ထောင်စုရှိ သက်တမ်းအကြာဆုံး ကျောက်မီးသွေးသုံး ဓာတ်အားပေး စက်ရုံကြီးများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ယင်းစက်ရုံတစ်ခုတည်းမှ ထုတ်လွှတ်သော ဓာတ်ငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ကာ တစ်နှစ်လျှင် သက်တမ်းမစေ့မီ သေဆုံးသူ ၁၅ ဦးနှင့် ဆေးရုံတက်ရောက်ရသူ ၂၀၀ ခန့်ရှိကြောင်း၊ မြို့လူထုအများစုသည် ထိုစက်ရုံ၏ ၂ ကီလိုမီတာ (၁ ဒသမ ၂ မိုင်ခန့်)အတွင်း နေထိုင်လျက် ရှိကြကြောင်း၊ ကျောင်းများ၊ ကစားကွင်းများသည် မီးခိုးငွေ့များဖြင့် ဖုံးလွှမ်းနေကြောင်း၊ ထိုဒေသတွင် နေထိုင်ကြသူများအနေဖြင့် လေထုညစ်ညမ်းသည်ကို အဆုတ်ထဲမှာပင် ခံစားသိရှိနေကြရကြောင်း ကြားသိရပါသည်။ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံများမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့အပြင် ပြဒါး၊ စယ်လ်လီနီယံ (Selenium)၊ အာဆင်းနစ်များ ထုတ်လွှတ်သည့်ပြင် ဆာလ်ဖာပါဝင်မှုများသော ကျောက်မီးသွေး လောင်စာများကြောင့်လည်း အက်စစ်မိုး ရွာသွန်းနိုင်ပါသည်။

အမေရိကန်ပြည်ထောင်စု တစ်ခုလုံးရှိ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထုတ်လွှတ်သော ဓာတ်ငွေ့များနှင့် အမှုန်များကြောင့် တစ်နှစ်လျှင် သက်တမ်းမစေ့မီ သေဆုံးသူပေါင်း ၂၄၀၀၀ ခန့်ရှိနေကြောင်း၊ ၎င်းတို့ အနက် အဆုတ်ကင်ဆာကြောင့် သေဆုံးရသူ ၂၈၀၀ ခန့် ပါဝင်ကြောင်း သိရှိရပါသည်။ အမေရိကန်ပြည်ထောင်စု၏ လူဦးရေ ၃၁၂ ဒသမ ၈ သန်းနှင့် တွက်မည်ဆိုပါက ဖော်ပြပါဓာတ်ငွေ့များနှင့် အမှုန်များကြောင့် နှစ်စဉ် လူတစ်သန်းလျှင် ၇၇ ဦးခန့် သက်တမ်းမစေ့မီ သေဆုံးလျက်ရှိပြီး ယင်း ၇၇ ဦးအနက် ကိုးဦးမှာ အဆုတ်ကင်ဆာကြောင့် သေဆုံးရခြင်းဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စုရှိ Environmental Protection Agency (EPA)မှ ဆာလ်ဖာဒိုင်အောက်ဆိုက်နှင့် နိုက်ထရပ်အောက်ဆိုက် ဓာတ်ငွေ့ ထုတ်လွှတ်မှုများကို ကန့်သတ်ခဲ့ပြီး ပြဒါး၊ ကျောက်မီးသွေးပြာမှုန်နှင့် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုများကိုပါ ကန့်သတ်ရန် စီစဉ်လျက်ရှိနေကြောင်း၊ ဤသို့ ပြုလုပ်နိုင်မည်ဆိုပါက လေထု၏ အရည်အသွေး ကောင်းလာပြီး ကျန်းမာရေး တိုးတက်မှုများကို အမှန်တကယ် ရရှိနိုင်မည်ဖြစ်ကြောင်း၊ ဖျားနာသူများ၊ ဆေးရုံတက်ရောက်ရသူများ၊ သေဆုံးသူများ လျော့နည်းသွားမည်ဖြစ်သဖြင့် လူထုကျန်းမာရေးအတွက် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာဘီလီယံ ၂၈၀ ခန့် သက်သာနိုင်ကြောင်း၊ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံများကို အဆင့်မြှင့်ပေးခြင်းအတွက် ကုန်ကျစရိတ်မှာ အကြမ်းဖျင်း တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံခန့်သာ ရှိမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက ထောက်ပြကြပါသည်။

သို့ရာတွင် တစ်ဖက်တွင်လည်း အဆိုပါ ကန့်သတ်ချက်များကြောင့် သက်တမ်းကြာနေသော ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံများကို ပိတ်ပစ်ရမည်ဆိုပါက တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံခန့် ဆုံးရှုံးမည်ဖြစ်ပြီး အလုပ်လက်မဲ့နှုန်းများ တိုးမြင့်လာမည်ဖြစ်သည်သာမက လျှပ်စစ်ဓာတ်အားခများလည်း တိုးမြင့်လာပြီး ၂၀၂၀ ပြည့်နှစ်တွင် လက်ရှိလျှပ်စစ်ဓာတ်အားခထက် ၁၁ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုတိုးမြင့်လာမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားပမာဏ ၆၀၀၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးလျက်ရှိသော American Electric Power ကုမ္ပဏီကြီးက EPA ၏ သတ်မှတ်ချက်များကို လိုက်နာနိုင်ရန်အတွက် ၎င်း၏ သက်တမ်းအကြာဆုံး စက်ရုံငါးရုံကို ၂၀၁၄ ခုနှစ်တွင် ပိတ်မည်ဖြစ်ကြောင်း ၂၀၁၁ ခုနှစ် ဇွန်လက ကြေညာခဲ့ပါသည်။ EPA ၏ ကန့်သတ်ချက်များကို ပြည့်မီစေရန်အတွက် ဓာတ်အားပေးစက်ရုံများ၏ အဆင့်ကို ပြန်လည်မြှင့်တင်ရန် ကုန်ကျစရိတ် အလွန်ကြီးမြင့်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ စက်ရုံများကို ပိတ်ရခြင်းကြောင့် ကုမ္ပဏီအနေဖြင့် ဒေါ်လာဘီလီယံချီ၍ ဆုံးရှုံးမည်ဖြစ်ပြီး ရာပေါင်းများစွာသော အလုပ်သမားများသည်လည်း အလုပ်လက်မဲ့ ဖြစ်ကြမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် ကျောက်မီးသွေးကို ၉၀ ရာခိုင်နှုန်းခန့် သုံးစွဲနေသော ကင်တပ်ကီ (Kentucky) ပြည်နယ်ကဲ့သို့သော ပြည်နယ်များတွင် ပို၍ ထိခိုက်မည် ဖြစ်ကြောင်း၊ ယင်းပြည်နယ်တွင် ကျောက်မီးသွေးမိုင်းများ၌ အလုပ်လုပ်လျက်ရှိကြသော အလုပ်သမား ၁၈၀၀၀ ခန့်ကိုလည်း ထိခိုက်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် လျှပ်စစ်ဓာတ်အားသည် အဓိကကဏ္ဍမှ ပါဝင်နေကြောင်း၊ ကျောက်မီးသွေးလောင်စာမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားခသည် ဈေးနှုန်းချိုသာသဖြင့် စီးပွားရေးကို တစ်ဟုန်ထိုး တိုးတက်စေနိုင်ကြောင်း၊ ပြည်သူလူထုသည် စီးပွားရေး ကောင်းလာသည်နှင့်အမျှ ကျန်းမာရေးကို ပို၍ အလေးထားနိုင်ခြင်းကြောင့် ကျန်းမာရေး စောင့်ရှောက်မှုစရိတ်များ လျော့ကျလာနိုင်ကြောင်း၊ ကျောက်မီးသွေးဓာတ်အားပေး စက်ရုံများကို ပိတ်ပစ်ရမည်ဆိုပါက လျှပ်စစ်ဓာတ်အားခများ ဈေးကြီးမြင့်လာမည်ဖြစ်ခြင်းကြောင့် လူနေမှုစရိတ်နှင့် ကုန်ထုတ်လုပ်မှုစရိတ်များ ကြီးမြင့်လာပြီး ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်စေမည်ဖြစ်ကြောင်း၊ ကျောက်မီးသွေးမိုင်းများမှ အလုပ်သမားများ သောင်းနှင့် ချီ၍ အလုပ်လက်မဲ့ ဖြစ်ကြမည်ဖြစ်ကြောင်း စီးပွားရေးသမားများက ပြန်လည်ချေပထားကြပါသည်။

အမေရိကန်ပြည်ထောင်စုသည် ယခုအချိန်ထိ ကျိုတိုသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်း မရှိသည်မှာ အထက်ဖော်ပြပါ ပြဿနာများအရ ကျောက်မီးသွေးကို အခြားလောင်စာများဖြင့် အစားထိုးရန် အချိန်ယူရဦးမည်ဖြစ်သဖြင့် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ၁၉၉၀ ပြည့်နှစ်ကထက် ၅ ဒသမ ၂ ရာခိုင်နှုန်းသို့ လျှော့ချရန် အလွန်ပင် ခက်ခဲမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။ (ကာဗွန်အခွန်ကိုလည်း ဥရောပနိုင်ငံများကဲ့သို့ တစ်ပြည်လုံး အတိုင်းအတာအပြင် ကောက်ခံနိုင်ခြင်း မရှိသေးပါ။)

အမေရိကန်ပြည်ထောင်စုရှိ ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၌ တွေ့ရှိရသော သာဓကများအရ စက်မှုဇုန်ကြီး တစ်ခုကို လျှပ်စစ်ဓာတ်အား ပေးရန်အတွက် **ကျောက်မီးသွေး လောင်စာကိုသာ သုံးစွဲရမည့် အခြေအနေတွင် ရောက်ရှိနေပါက** -

၁။ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံကို လူနေရပ်ကွက်များနှင့် ဝေးနိုင်သမျှ ဝေးသည့်နေရာတွင် တည်ဆောက်ရန်

၂။ စွမ်းရည် (Efficiency)မြင့်သော ဓာတ်အားပေးစက်ရုံကို တည်ဆောက်ရန် ကျောက်မီးသွေး တစ်ကီလိုဂရမ်မှ ထွက်ရှိမည့် အပူစွမ်းအင်အားလုံးကို စက်စွမ်းအင်မှတစ်ဆင့် လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းနိုင်မည်ဆိုပါက လျှပ်စစ်ဓာတ်အား ၆ ဒသမ ၆၇ kilowatt ရရှိနိုင်မည် ဖြစ်ပါသည်။ အချိန်တစ်နာရီကြာ ထုတ်လုပ်ပေးနိုင်မည့် လျှပ်စစ်ပမာဏ ၁ kWh ဖြစ်ပါသည်။ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံများ၏ စွမ်းရည်သည် အများအားဖြင့် ၃၀ ရာခိုင်နှုန်းခန့်သာ ရှိကြသောကြောင့် ကျောက်မီးသွေး တစ်ကီလိုဂရမ်မှ လျှပ်စစ်ဓာတ်အား ၂ kWh ခန့်သာ ရရှိနိုင်ပါသည်။ ခေတ်မီနည်းပညာများအရ ယင်းစက်ရုံများ၏ စွမ်းရည်ကို ၄၀ ရာခိုင်နှုန်းသို့ တိုးမြှင့်နိုင်ပါက ကျောက်မီးသွေး တစ်ကီလိုဂရမ်မှ လျှပ်စစ်ဓာတ်အား ၂ ဒသမ ၆၆၈ kWh ရရှိနိုင်မည်ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားပမာဏ မဂ္ဂါဝပ် ၄၀၀ ထုတ်လုပ်မည့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံတစ်ခု၏ စွမ်းရည်သည် ၃၀ ရာခိုင်နှုန်းရှိမည်ဆိုပါက တစ်နှစ်လျှင် ကျောက်မီးသွေး မက်ထရစ်တန် ၁ ဒသမ ၇၅၂ သန်းခန့် ကုန်ကျမည်ဖြစ်သော်လည်း ယင်းစက်ရုံ၏ စွမ်းရည်သည် ၄၀ ရာခိုင်နှုန်းရှိမည်ဆိုပါက ကျောက်မီးသွေး မက်ထရစ်တန် ၁ ဒသမ ၃၁၂ သန်းခန့်သာ ကုန်ကျမည် ဖြစ်ပါသည်။ ကျောက်မီးသွေး ကုန်ကျမှု နည်းသည်နှင့်အမျှ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ကျန်းမာရေးကို ထိခိုက်စေသော ဓာတ်ငွေ့များ၊ အမှုန်များထွက်ရှိမှုလျော့နည်းမည် ဖြစ်ပါသည်။

၁၉၉၄ ခုနှစ်က အာရှနိုင်ငံအချို့၏ GHGs ထုတ်လွှတ်မှုအခြေအနေ (မက်ထရစ်တန်သန်းပေါင်း)

စဉ်	နိုင်ငံ	GHGs ထုတ်လွှတ်မှု CO_2e	CO_2 ဖယ်ရှားမှု	GHGs အသားတင်ထုတ်လွှတ်မှု CO_2e
၁	တရုတ်	၄၀၈၀. ၀၂	၄၃၀. ၁၉	၃၆၄၉. ၈၃
၂	အိန္ဒိယ	၁၂၂၈. ၅၄	၂၃. ၄၇	၁၂၀၅. ၀၇
၃	အင်ဒိုနီးရှား	၉၀၂. ၁၀	၄၀၃. ၈၀	၄၉၈. ၃
၄	ထိုင်း	၃၂၄. ၉၀	၃၈. ၅၀	၂၈၆. ၄၀
၅	မလေးရှား	၁၄၄. ၀၀	၆၈. ၄၀	၇၅. ၆၀
၆	ဖိလစ်ပိုင်	၁၀၀. ၈၀	၀. ၁၀	၁၀၀. ၇၀
၇	ကမ္ဘောဒီးယား	၆၇. ၉၀	၇၃. ၀၄	(-) ၅. ၁၄
၈	မြန်မာ(၂၀၀၀ ပြည့်နှစ်)	၁၀၂. ၇၀	၁၄၂. ၂၂	(-) ၃၉. ၅၂

ထို့ပြင် စက်ရုံ၏စွမ်းရည်ကို ၁ ရာခိုင်နှုန်းတိုးမြှင့်ရုံဖြင့် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု ၂ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်း လျော့နည်းနိုင်ကြောင်း မှတ်သားရပါသည်။

၃။ စက်ရုံမှထွက်ရှိသော ကျောက်မီးသွေးအမှုန်များကို ပြင်ပ(လေထု)သို့ ထွက်ရှိမှု နည်းနိုင်သမျှ နည်းစေရေးအတွက် ဆောင်ရွက်ရန်နှင့် အခြားစွန့်ပစ်ပစ္စည်းများကိုလည်း သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ စွန့်ပစ်ရန်

၄။ စက်ရုံလုပ်သားများအား ဓာတ်ငွေ့များ၊ အမှုန်များကို ရှူရှိုက်မှု ကင်းဝေးစေရေးအတွက် အကာအကွယ်များ ထားရှိပေးရန်နှင့် ကျန်းမာရေး စစ်ဆေးမှုများကို အခါအားလျော်စွာ ဆောင်ရွက်ပေးရန်

၅။ သဘာဝ ဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကိစ္စများအတွက် ကြိုတင်စီစဉ်ကာကွယ်မှုများ ပြုလုပ်ထားရန်

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် စက်မှုအင်အားကြီးနိုင်ငံများ ဖြစ်ကြသော်လည်း မှန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရန် တာဝန်မရှိသည်မှာ ယင်းနိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ အဆင့်၌သာ ရှိကြခြင်းကြောင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ကန့်သတ်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်။ ၂၀၀၅ ခုနှစ်က မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုတွင် တရုတ်နိုင်ငံက CO_2e ၇ ဒသမ ၂၁၇၇ ဘီလီယံမက်ထရစ်တန်ဖြင့် ကမ္ဘာပေါ်တွင် အများဆုံးနိုင်ငံဖြစ်ပြီး အိန္ဒိယနိုင်ငံက CO_2e ၁ ဒသမ ၈၇၆၆ ဘီလီယံ မက်ထရစ်တန်ဖြင့် သတ္တမအများဆုံးနိုင်ငံဖြစ်ကာ အမေရိကန် ပြည်ထောင်စုက CO_2e ၆ ဒသမ ၉၄၈၂ ဘီလီယံ မက်ထရစ်တန်ဖြင့် ဒုတိယ အများဆုံးနိုင်ငံ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ၂၀၀၀ ပြည့်နှစ်က မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု အခြေအနေများ (ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ညီမျှသော - CO_2e၊ မက်ထရစ်တန်သန်းပေါင်း)မှာ စွမ်းအင်ကဏ္ဍမှ ၇ ဒသမ ၈၆၃၊ စက်မှုကဏ္ဍမှ ၀ ဒသမ ၄၆၃၊ ထင်းလောင်စာ သုံးစွဲမှုမှ ၂၈ ဒသမ ၂၉၈၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှ ၂၂ ဒသမ ၈၄၃၊ အမှိုက်နှင့် စွန့်ပစ်ပစ္စည်းများမှ ၂ ဒသမ ၈၂၆၊ သစ်တောကဏ္ဍမှ ၄၀ ဒသမ ၄၀၄ အသီးသီးရှိသဖြင့် ထုတ်လွှတ်မှု စုစုပေါင်းပမာဏသည် ၁၀၂ ဒသမ ၆၉၇ ရှိပါသည်။ ထို့ပြင် သစ်တောကဏ္ဍ (သဘာဝသစ်တောများ၊ သစ်တောစိုက်ခင်းများ၊ လမ်းဘေးသစ်ပင်များနှင့် အိမ်ခြံဥယျာဉ်များရှိ သစ်ပင်များ)မှ ကာဗွန်ဒိုင်အောက်ဆိုက် ဖယ်ရှားမှုပမာဏမှာ မက်ထရစ်တန်သန်းပေါင်း ၁၄၂ ဒသမ ၂၂၁ ရှိသဖြင့် အသားတင်ကာဗွန်ဒိုင်အောက်ဆိုက် ဖယ်ရှားမှုပမာဏပေါင်းသည် မက်ထရစ်တန်သန်းပေါင်း ၃၉ ဒသမ ၅၂ ရှိပါသည်။ (အသေးစိတ်လေ့လာလိုပါက ၆ - ၄ - ၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ပါရှိခဲ့သော **"မြန်မာနိုင်ငံ၏ မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုအခြေအနေ"** ဆောင်းပါးကို ဖတ်ရှုနိုင်ပါသည်။)

အာရှနိုင်ငံအချို့၏ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ဖယ်ရှားမှု အခြေအနေများကို ဇယားဖြင့်ဖော်ပြထားပါသည်။ ဤဇယားအရ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများ၌

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

ယနေ့ ဖတ်ဖွယ် မှတ်ဖွယ်

ပုသိမ်မြို့၏ ရပ်ဓလေ့ ရွာဓလေ့

ပုသိမ်မြို့ သမိုင်းဝင်နိဂြောဓာဗျာဒိတ်ပေးဘုရားနှင့် ရဟန္တာတစ်ထောင်လှည့်လည်ပူဇော်ပွဲကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပရာ မြို့လုံးကျွတ် အုံ့မခန်းစည်ကားကြောင်း သိရသည်။ အဆိုပါနိဂြောဓာဗျာဒိတ်ပေးဘုရား လှည့်လည်ပူဇော်ပွဲသည် လွန်ခဲ့သော နှစ်ပေါင်း ၁၄၈ ခန့်မှ နှစ်စဉ်မပျက်ကျင်းပလာသော ဗုဒ္ဓဝင်ပွဲတော်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ပုသိမ်မြို့တစ်မြို့တည်းသာကျင်းပသော ပွဲတော်ဖြစ်ကြောင်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးနေဝင်းက ရှင်းလင်းပြောကြားသည်။

ရှေးဦးစွာ မြတ်စွာဘုရားရှင်သည် ဥရုဝေလတောအရပ်၌ အယူလွဲမှားစွာ ကျင့်နေကြသော ရသေ့ညီနောင် ရှင်တစ်ထောင်တို့အား တရားဟောသကဲ့သို့ နိဂြောဓာဘုရားကြီးအား နိုဝင်ဘာ ၂၀ ရက်မှစတင်ပြီး ဇန်နဝါရီ ၂၈ ရက်အထိ မြို့ပေါ်ရှိ ရပ်ကွက်အသီးသီးက အဓိဋ္ဌာန်မဲစနစ်ဖြင့် တစ်ရပ်ကွက်လျှင် သုံးရက်ပင့်ဆောင်ပူဇော်ပြီး ဓမ္မကထိကတရားပွဲများ၊ ဆွမ်းသပိတ် ၁၀၀၁ ဆွမ်းလောင်းပွဲများ၊ စတုဒိသာအလှူများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပကြသည်။

ပွဲတော်နောက်ဆုံးရက် ဇန်နဝါရီ ၂၉ ရက်တွင် ဥရုဝေလတောအရပ်မှ မြတ်စွာဘုရားရှင်အမှူးပြုသော အရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်အရှင်မြတ် နှစ်ပါးနှင့် ရဟန္တာတစ်ထောင် ရာဇဂြိုဟ်ပြည်သို့ ကြွချီတော်မူခန်း၊ ထို့နောက် မဇ္ဈိမဒေသတစ်ခွင်သို့ လှည့်လည်၍ကုန်ရောင်းကုန်ဝယ်ပြုကြသော ရှမ်းကုန်သည်လှည်းတပ် ငါးရာတို့က မြတ်စွာဘုရားရှင်အား ဖူးတွေ့ရသဖြင့် ကပိလဝတ်ပြည် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးထံ သတင်းပို့ဆောင်ခန်း၊ အဆိုပါအခန်းတွင် ပုသိမ်မြို့သူ အလှကလေးများက လှည်းယဉ်

ကြော့လေးများနှင့် ပုသိမ်ထီးရောင်စုံကိုယ်စီဖြင့် လိုက်ပါကြသည်။ **(အပေါ်ပုံ)** ရှမ်းရိုးရာ အိုးစည်နှင့် ဓားသိုင်းအကများနှင့် မြန်မာ့ရိုးရာ ဒိုးပတ်၊ အက၊ အလှအစုံအပြိုင် ယှဉ်နွဲလိုက်ပါကြသည်။

ထို့နောက် ဖွားဖက်တော် ကာဠုဒါယီအမတ်ကြီးက မြတ်စွာဘုရားရှင်အား ကပိလဝတ်ပြည်သို့ ပင့်ဆောင်ခန်း၊ ပြည်တော်ဝင်ခန်း၊ သားတော်ရာဟုလာ အမွေတောင်းခန်းတို့ဖြင့် တခမ်းတနား တစ်နေကုန်လှည့်လည်ရသည့် ဗုဒ္ဓဝင်ပွဲတော်ကြီးဖြစ်သည်။

ထူးခြားသည်မှာ ပစ္စည်းအား၊ ငွေအား၊ လူအင်အား၊ လှည်း၊ နွားအလှ မြောက်မြားစွာအသုံးပြုရသော်လည်း ခက်ခဲမှုတစ်စုံတစ်ရာမရှိ။ မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးများသာမက ကမ္ဘာလှည့်ခရီးသည်များပင် ရင်သပ်ရှုမောချီးကျူးထောမနာပြုကြသော ဗုဒ္ဓဝင်ပွဲတော်ဖြစ်ကြောင်း သိရသည်။ (ဉာဉ်)

မြင်တွေ့ချင်သော အိမ်ဂေဟာ

★ သတင်းမှတ်စု - စိုးစိုးနိုင်(ကြေးမုံ) ★

သီရိဂေဟာ. . . အိမ်ကလေး၏ အမည်ဖြစ်သည်။ ဤအိမ်လေးသည် အဘိုး၊ အဘွားမှတစ်ဆင့် အဖေ၊ အမေတို့ဆီ လက်ဆင့်ကမ်းရောက်ရှိလာသည်။ ယခုအခါ မိသားစုအိမ်ဂေဟာလေးတစ်ခုဖြစ်ခဲ့သည်။ မိဘများနှင့်အတူ သားသမီးအားလုံးလည်း ချမ်းမြေ့သော မိသားစုအသိုက်အမြုံလေးတစ်ခု ပုံဖော်ဖန်တီးရန် အတူတကွနေထိုင်ခဲ့ကြသည်။

သီရိဂေဟာအိမ်သည် အချိန်ကာလ၊ ရာသီဥတုဒဏ်နှင့် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှုလျော့နည်းလာ၍ ယိုယွင်းပျက်စီးစပြုလာသည်။ အိမ်ခေါင်မလုံ၍ မိုးယိုခဲ့သည်။ မိုးဒဏ်၊ လေဒဏ်၊ ရာသီဥတုဒဏ်များကြောင့် အခင်း၊ အကာများလည်း ဆွေးမြည့်လာသည်။ သားသမီးတွေ တစ်ဦးနှင့်တစ်ဦး သူပြင်နိုးနိုး၊ ကိုယ်ပြင်နိုးနိုးနှင့် သူလိုလိုကိုယ်လိုလို တွက်ကပ်နေလို့ ပြင်ဆင်မယ့်သူဝေးခဲ့သည်။ ကိုယ်နှင့်မဆိုင်သလို မသိဟန်ဆောင်နေခဲ့ကြသည်။ ကိုယ့်အကျိုးစီးပွားအတွက်သာ လုပ်နေကြသည်။ ကြာလာလျှင် ဒီအိမ်ကို ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မည့်သူမရှိသည့်အတွက် ပြိုကျပျက်စီးတော့မည်သာ။ သို့သော် သားသမီးအားလုံးက မိဘ၊ အဘိုး၊ အဘွား အမွေအနှစ်ဖြစ်သော ဤအိမ်လေးကို ပြိုကျပျက်စီးတာတော့ မမြင်လိုကြပါ။ ဒါကြောင့် အသစ်ပြန်လည်ပြင်ဆင်တည်ဆောက်ရပါတော့မည်။

အားလုံးကလည်း ပြင်ဆင်ဖို့အတွက် ကြိုးစားခဲ့ကြသည်။ မိဘများက တစ်ဦးနှင့်တစ်ဦး တွက်ကပ်နေသည့် သားသမီးတို့ကို စုစည်းတွေ့ဆုံကာ သာယာချမ်းမြေ့သော အိမ်ဂေဟာလေးတစ်ခု ပြန်လည်ပြင်ဆင်ဖို့ ပြောဆိုဆုံးမခဲ့သည်။ တကယ်ပြင်ကြမယ်ဆိုတော့ ဘယ်လိုပုံစံမျိုးပြင်မယ်ဆိုတာ ပြောဆိုကြရင်း အကြီးဆုံးက တစ်မျိုး၊ အလတ်က တစ်ဖုံ၊ အငယ်ကလည်း ရောင့်တက်ပြောဆိုကြရင်း စကားများအငြင်းအခုံဖြစ်ကာ ခွဲဝေခြမ်းပြီး ပြင်ဆင်မည်ဟု ပြောကြဆိုကြသည်။

အချိန်ကြာလာတော့ အိမ်ကလေးသည် ဟိုကတစ်စ ဒီကတစ်စ ပို၍ပျက်စီးလာခဲ့သည်။ ဒီလိုဆိုရင် ပိုဆိုးလာမည်ဆိုသော အသိများဝင်လာပြီး ထပ်မံတွေ့ဆုံတိုင်ပင်ခဲ့ကြသည်။ ကိုယ်တတ်နိုင်သည့် အတိုင်းအတာ၊ လုပ်နိုင်သည့် ပမာဏလောက်သာ တဖြည်းဖြည်းချင်း ပြန်လည်ပြင်ဆင်မှု လုပ်ခဲ့ကြသည်။ အိမ်ပြန်လည်ပြင်ဖို့တော့ အဆင်ပြေခဲ့ပါပြီ။ မိုးယိုသည့် ခေါင်မိုးပြင်မလား၊ဆွေးမြည့်လာတဲ့ အခင်း၊ အကာကို အရင် ပြင်မလား၊ ဒါမှမဟုတ် ဟိုတစ်စ ဒီတစ်စ ပြိုကျနေသော အပိုင်းတွေကို ပြင်မလား ဆိုသည့် အခက်အခဲလေးတွေလည်း ကြုံတွေ့ခဲ့ရသည်။ ဟိုနေရာပြင်မယ် ဒီနေရာ ပြင်မယ်ဆိုတဲ့စကားတွေနှင့်လည်း ငြင်းခုံရသေးသည်။ နောက်ဆုံးတော့ အဓိကအရေးကြီးဆုံးအပိုင်း အရင်ပြင်ကြမယ်ဟု တစ်ဦးနှင့် တစ်ဦး မိသားစုဆိုသော အသိစိတ်ဓာတ်ဖြင့် တာဝန်ကိုယ်စီယူကာ သီရိဂေဟာအိမ်ကလေးကို ပြင်ဆင်မှုများ စတင်ပြုလုပ်ခဲ့ကြသည်။

မဝေးကွာလှသော အနာဂတ်အချိန်၌ အသီးအပွင့်များ ဖူးပွင့်ဝေဆာနေသော ခြံဝင်းအတွင်း ကျက်သရေမင်္ဂလာနှင့် ပြည့်စုံပြီး သာယာလှပချမ်းမြေ့သော သီရိဂေဟာအိမ်ကလေးကို စိတ်ကူးနှင့် ပုံဖော်ကြည့်ရင်း နှလုံးသားထဲ ပီတိသောမနဿ ကြည်နူးခံစားနေစဉ် ဆရာရန်နိုင်ဆွေရေးသားပြီး ဒေါ်မေလှမြိုင် သီဆိုထားသော "ကြွေးကြော်သံ" ဆိုသည့် တိုင်းကျိုးပြည်ပြုသီချင်းကို ကြားယောင်နေမိတော့သည်။

(ပြည်ထောင်စုကို)[၂] အသက်ပေးလို့ဖြင့် ကာကွယ်မယ့်သူတွေ ဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးသတဲ့လေ ဒါတို့ပြေ-ဒါတို့မြေ-ကြွေးကြော်သံကြီး မြည်ဟည်းခိုင်မာပေ။

. . . .

အို -(ပြည်ကြီးရှင်တွေ)[၇] ကြွေးကြော်နေရုံမျှဖြင့် မလုံလောက်နိုင်ပေ၊ ဒို့ပြေ ဒို့မြေကြီး ထီးထီးရပ်တည်နိုင်အောင်လေ ကြံမိပေ။

ရန်ကုန်မြို့၏အလှကို ဖျက်ဆီးနေသော စည်းကမ်းမဲ့ ကြော်ငြာဗျူဟာများ

ရန်ကုန်မြို့ကို စင်ကာပူကဲ့သို့ သာယာလှပ သန့်ရှင်းအောင်လုပ်မည်ဆိုသော အသံတွေကြားရတော့ ဝမ်းသာမိသည်။ ရန်ကုန်မှာမွေး ရန်ကုန်မှာကြီးပြင်းခဲ့ရသူတစ်ယောက်အဖို့ ရန်ကုန်မြို့ကို လှလှပပ သာသာယာယာ ခေတ်မီအဆောက်အအုံများဖြင့် မြင်တွေ့လိုသည်မှာ ယခုမှ မဟုတ်၊ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကပင် ဖြစ်သည်။ ရန်ကုန်မှာမွေး ရန်ကုန်မှာကြီးပြင်းလာခဲ့ရသူတိုင်းလည်း ကျွန်တော်၏ဆန္ဒနှင့်ထပ်တူ ဖြစ်လိမ့်မည်ဟု ထင်သည်။

ရန်ကုန်မြို့ကို သန့်ရှင်းသပ်ရပ်သော ခေတ်မီမြို့ကြီးဖြစ်ရန်အတွက် အစိုးရမှာသာ တာဝန်ရှိသည်မဟုတ်၊ ရန်ကုန်မြို့နေပြည်သူများကလည်း သူ့နေရာနှင့်သူ၊ သူ့တာဝန်နှင့်သူ၊ တာဝန်သိတတ်မှု၊ နားလည်မှုနှင့် စည်းကမ်းပြည့်ဝမှုများ ရှိကြရမည်ဖြစ်သည်။ လူတန်းစားပေါင်းစုံ စည်းကမ်းရှိကြဖို့ အထူးလိုအပ်သည်။ သို့မှသာ ရန်ကုန်သား ရန်ကုန်သူများ မျှော်လင့်တောင့်တနေသော ရန်ကုန်မြို့သည် ခေတ်မီသေသပ်လှပသော အစိမ်းရောင်အလှမြို့ကြီး ဖြစ်လာမည်ဖြစ်သည်။

ယခုအခါ ရန်ကုန်မြို့၏ နေရာတော်တော်များများ၌ စည်းကမ်းမဲ့သူများ၊ စည်းကမ်းမရှိသူများ၊ စည်းကမ်းကို မလိုက်နာသူများ၊ စည်းကမ်းကို ချိုးဖောက်နေသူများ၊ စည်းကမ်းကို စည်းကမ်းမှန်းမသိသူများအား နေ့စဉ်နှင့်အမျှ ဒုနဲ့ဒေး တွေ့မြင်နေရဆဲဖြစ်သည်။ ရန်ကုန်မြို့တွင် နေ့စဉ်အများဆုံး တွေ့မြင်နေရသည့် စည်းကမ်းမဲ့နေမှုများသည် အမှိုက်ကိုလမ်းပေါ်သို့ အလွယ်တကူ လွှင့်ပစ်ခြင်း၊ ကွမ်းတံတွေးများကို တွေ့ကရာနေရာထွေးနေခြင်း၊ စည်းကမ်းမဲ့စွာ လမ်းဖြတ်ကူးနေခြင်းနှင့် တွေ့သမျှနေရာလွတ်များကို ကြော်ငြာစာရွက်များ လိုက်လံကပ်နေခြင်းများသည် အလွန်အရုပ်ဆိုး အကျည်းတန်စေသည့် စည်းကမ်းမဲ့မှုများထဲမှ အဓိကစည်းကမ်းမဲ့မှုများဖြစ်သည်။ ထိုစည်းကမ်းမဲ့မှုများသည် အသေးအမွှား ကလေးများဖြစ်သော်လည်း တစ်ယောက်မှသည် တစ်ထောင်၊ တစ်ထောင်မှသည် တစ်သောင်းဖြင့် စည်းကမ်းမဲ့သူပေါင်းများလာသည့်အခါ မြို့၏အလှသည် ကြီးမားသည့် စည်းကမ်းမဲ့မှုများကြောင့် အရုပ်ဆိုး အကျည်းတန်လာသည်မှာ မည်သူမျှမငြင်းနိုင်ပေ။

စည်းကမ်းမဲ့မှုများထဲမှ စာရွက်ငယ်များဖြင့် ကွန်ပျူတာစာစီထားသော ကြော်ငြာအသေးအမွှားလေးများကို တွေ့သမျှ အုတ်နံရံ၊ မှတ်တိုင်၊ ဓာတ်တိုင်၊ စာတိုက်ပုံး၊ တယ်လီဖုန်းရုံ၊ အဆောက်အအုံများနှင့် သစ်ပင်များတွင် စည်းကမ်းမဲ့စွာ ကြော်ငြာစာရွက်လိုက်လံကပ်နေသည်နှင့် ပတ်သက်၍ ရန်ကုန်မြို့နေ ပြည်သူတစ်ဦးက သူ၏အမြင်ကို ပြောပြရာတွင် "ရန်ကုန်မြို့မှာ ကွန်ပျူတာနဲ့စာစီစာရိုက်ထားတဲ့ ကြော်ငြာစာရွက်တွေကို တွေ့ကရာနေရာတွေမှာ လိုက်ကပ်နေတာ အလွန်အရုပ်ဆိုး အကျည်းတန်နေပါတယ်။ ပြည်သူတွေ အဆင့်မြင့်အောင် ခရီးသွားနိုင်ဖို့ ကုမ္ပဏီတွေက ငွေကုန်ကြေးကျခံပြီး ကြော်ငြာဆိုင်းဘုတ်တွေနဲ့ မှတ်တိုင်တွေ တည်ဆောက်ပေးထားတယ်။ အဲဒီကြော်ငြာ ဘုတ်ကြီးတွေအပေါ်မှာ စည်းကမ်းမဲ့တဲ့လုပ်ငန်းရှင်တွေက သူတို့ရဲ့ ကြော်ငြာစာရွက်တွေကို အခကြေးငွေနဲ့ ငှားရမ်းထားတဲ့ လူငယ်တွေကို လိုက်ကပ်ခိုင်းတယ်ဗျာ။ ဒါဟာ အလှကို ဖျက်ဆီးတာပဲ။ ဒါမျိုးကြော်ငြာလိုက်ကပ်တဲ့သူတွေကို သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွေက ထိထိရောက်ရောက် အရေးယူသင့်တယ်။ သူတို့ကပ်တဲ့ ကြော်ငြာစာရွက်တွေမှာ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ သင်တန်းကျောင်းနဲ့ လိပ်စာတွေ၊ ဖုန်းနံပါတ်တွေပါတယ်။ အဲဒီလိပ်စာ၊ ဖုန်းနံပါတ်တွေအတိုင်း စုံစမ်းစစ်ဆေးပြီး ဒဏ်တပ်၊ အရေးယူရင်ကောင်းမယ်။ ဒါမှ နောက်ဆို သူတို့တွေ တွေ့ကရာနေရာတွေမှာ ကြော်ငြာတွေ လိုက်မကပ်ရဲတော့မှာ။ ရန်ကုန်မြို့ရဲ့အလှကို ဖျက်ဆီးနေတဲ့ သူတွေထဲမှာ အဲဒီကြော်ငြာအသေးလေးတွေ လိုက်ကပ်နေတဲ့ သူတွေဟာလည်း အဓိကပါဝင်နေတယ်"ဟု ပြောပြသည်။

ရန်ကုန်မြို့ကို စင်ကာပူမြို့ကဲ့သို့ ဖြစ်ပေါ်လာစေရန် ဆန္ဒရှိနေကြသည့် ရန်ကုန်သား ရန်ကုန်သူများသည် ဆန္ဒအတိုင်းပြည့်ဝနိုင်စေဖို့ တစ်ယောက်မှသည် တစ်ထောင်၊ တစ်ထောင်မှသည် တစ်သောင်း၊ တစ်သောင်းမှသည် မြို့နေပြည်သူတိုင်းက မြို့ကြီးသားပီသစွာ စည်းကမ်းလိုက်နာကြမည်၊ စည်းကမ်းရှိကြမည်ဆိုလျှင် ကျွန်တော်တို့၏ အစိမ်းရောင်အလှမြို့ကြီးသည် ပုံပြင်ပမာ မဟုတ်ဘဲ မကြာမီ ပုံပေါ်လာရေးအတွက် အပြောနှင့်မဟုတ် အလုပ်နှင့် သက်သေပြကြပါစို့ဟု ဆန္ဒပြုလိုက်ရပါသည်။

(ကိုရွှေမောင်း)

မကြာမီက အသစ်ဆောက်လုပ်ထားသော ဆူးလေကားမှတ်တိုင်မှ နောက်ခံကြော်ငြာဆိုင်းဘုတ်ကြီးတွင် စည်းကမ်းမဲ့ ကြော်ငြာများ ဤသို့ လာကပ်ခဲ့ကြသည်မှာ. . .။

ဇန်နဝါရီ ၈ ရက်က ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ညောင်ကျိုးအထက မြတ်ဆရာပူဇော်ပွဲကို ဂုဏ်ပြုသည့် စာပေဟောပြောပွဲ ကျင်းပရာ ရန်ကုန်မြို့မှ ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က ချစ်ခြင်းမေတ္တာနှင့် ကျန်းမာခြင်းလက်ဆောင် ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။ (ကြေးမုံ)

❖ စာမျက်နှာ ၆ မှ

မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပမာဏ ထက်ကာဗွန်ဒိုင်အောက်ဆိုက် ဖယ်ရှားနိုင်မှုပမာဏက ပို၍များနေပြီး မြန်မာနိုင်ငံ၏ ၂၀၀၀ ပြည့်နှစ်က မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏသည်လည်း ထိုင်းနိုင်ငံ၏ ၁၉၉၄ ခုနှစ်က ထုတ်လွှတ်မှုပမာဏ၏ သုံးပုံတစ်ပုံ ကျော်ခန့်သာ ရှိပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် လျှပ်စစ်ဓာတ်အားသည် အဓိကကျပြီး အလွန်အရေးပါသည်သာမက လူနေမှုစရိတ်နှင့် ထုတ်လုပ်ကုန်ပစ္စည်းများ၏ ဈေးနှုန်းများသည် လျှပ်စစ်ဓာတ်အားခနှုန်းထားများပေါ်တွင် မူတည်နေသဖြင့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ရာတွင် မှန်လုံအိမ်ဓာတ်ငွေ့များနှင့် အန္တရာယ်ပေးနိုင်သည့် ဓာတ်ငွေ့များ၊ အမှုန်များ ထုတ်လွှတ်မှုကင်းသည့်(သို့မဟုတ်) နည်းသည့် လောင်စာများကို သုံးစွဲနိုင်ပြီး ကုန်ကျစရိတ်လည်း နည်းမည်ဆိုပါက အကောင်းဆုံး ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားဈေးနှုန်းများ(မီတာခ)မှာ တစ်ယူနစ် (One Kilowatt-hour - 1 Kwh)လျှင် အိမ်သုံး ၃၅ ကျပ်နှင့် လုပ်ငန်းသုံး ကျပ် ၇၀ ဖြစ်ပါသည်။ အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၈၀၀ နှုန်းဖြင့် တွက်ချက်ပါက ၄ ဒသမ ၃၈ ဆင့်နှင့် ၈ ဒသမ ၇၆ ဆင့် ရှိပါသည်။ အာရှတိုက်မှ နိုင်ငံအချို့၏ လျှပ်စစ်ဓာတ်အားခများမှာ အီရန် ၀ ဒသမ ၉၁ ဆင့်၊ ပါကစ္စတန် ၅ ဒသမ ၂၈ ဆင့်၊ မလေးရှား ၇ ဒသမ ၄၂ ဆင့်၊ ထိုင်း ၁၁ ဆင့်မှ ၁၂ ဆင့်၊ ဖိလစ်ပိုင် ၁၅ ဒသမ ၈ ဆင့်၊ စင်ကာပူ ၂၀ ဒသမ ၆၉ ဆင့်၊ အစ္စရေး ၁၂ ဒသမ ၃၄ ဆင့် အသီးသီးရှိကြပါသည်။ ဥရောပတိုက်တွင် ဖင်လန်နိုင်ငံသည် ဈေးအချိုဆုံးဖြစ်ကာ တစ်ယူနစ်လျှင် ၆ ဒသမ ၉၅ ဆင့်ရှိပြီး ဒိန်းမတ်နိုင်ငံသည် ဈေးအကြီးဆုံးဖြစ်ကာ တစ်ယူနစ်လျှင် ၄၂ ဒသမ ၈၉ ဆင့် ရှိပါသည်။ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံများ၏ လျှပ်စစ်ဓာတ်အားခများမှာ ၁၁ ဒသမ ၂ ဆင့်နှင့် ၆ ဒသမ ၁၈ ဆင့်ရှိပါသည်။ လျှပ်စစ်ဓာတ်အားခများသည် သုံးစွဲသည့် လောင်စာအမျိုးအစားပေါ်တွင် အဓိကမူတည်ပြီး အစိုးရများ၏ ဖြည့်ဆည်းကျခံပေးမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်း စသည်များပေါ်တွင်လည်း မူတည်ကြောင်း သိရှိရပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် တစ်ရက်လျှင် အမှိုက်တန်ချိန် ၂၀၀၀ ခန့် ထွက်ရှိရာ ယင်းအမှိုက်များကို အိန္ဒိယနိုင်ငံ၊ ဘာဂမ်ကုမ္ပဏီက လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားကြောင်း၊ လျှပ်စစ်ဓာတ်အား ၅ မဂ္ဂါဝပ်ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ကြားသိရပါသည်။ အမှိုက်များမှ မီသိန်းဓာတ်ငွေ့များ ထွက်ရှိခြင်းကြောင့် ဤသို့လျှပ်စစ်ဓာတ်အားထုတ်လုပ်မည်ဆိုပါက မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျော့နည်းစေမည့်အပြင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် သုံးစွဲရမည့် ရုပ်ကြွင်းလောင်စာများမှ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားမှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုမရှိတော့သဖြင့် နှစ်ဖက်နှစ်လမ်း အကျိုးရှိသောလုပ်ငန်းစဉ်တစ်ခုဖြစ်ခြင်းကြောင့် **"အစိမ်းရောင် စီးပွားရေးဆီသို့"** ဦးတည်ချက်အရဆိုလျှင် ဝမ်းမြောက်စွာ ကြိုဆိုရမည်ဖြစ်ပါသည်။ **သို့သော်** လျှပ်စစ်ဓာတ်အား တစ်ယူနစ် (Kilowatt-hour)လျှင် ငွေကျပ် ၃၀၀ ခန့်နှင့် ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် လက်ရှိလျှပ်စစ်ဓာတ်အားခနှုန်းထားထက် လေးဆမှ ကိုးဆခန့်များပြားနေခြင်းကြောင့် သုံးစွဲသူများအနေဖြင့် ရွေးချယ်ခွင့်ရှိမည်ဆိုပါက လက်ရှိလျှပ်စစ်ဓာတ်အားလိုင်းကိုပင် သုံးစွဲကြမည်ဖြစ်ပါသည်။ ဖော်ပြပါကုမ္ပဏီမှ ပေးမည့် လျှပ်စစ်ဓာတ်အားတစ်ခုတည်းကိုသာ သုံးစွဲခွင့်ရှိမည်ဆိုပါကလည်း လူနေမှုစရိတ်နှင့် ကုန်ထုတ်လုပ်မှုစရိတ်များ ကြီးမြင့်လာမည်ဖြစ်သဖြင့် အထူးအလေးထား၍ ထည့်သွင်းစဉ်းစားရမည့် အချက် ဖြစ်နေပါသည်။

ဘိလပ်မြေစက်ရုံများမှ ကာဗွန်ဒိုင်အောက်ဆိုက်အမြောက်အမြား ထုတ်လွှတ်ပြီး စက်ရုံမှပျံ့လွင့်လာသော ဘိလပ်မြေမှုန့်များက ကျန်းမာရေးကို ထိခိုက်စေသည်ကို စာရှုသူများ သိရှိထားပြီးဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကအရေးပါသော အခြေခံအဆောက်အအုံ(Infrastructure)များ တည်ဆောက်ရာတွင် ဘိလပ်မြေသည် မရှိမဖြစ် အလွန်အရေးပါသည့် ကဏ္ဍတွင် ရှိနေခြင်းကြောင့် ဘိလပ်မြေစက်ရုံများကို မတည်ဆောက်ဘဲ ထား၍မရပါ။ ဘိလပ်မြေမှုန့်များ လေထုအတွင်း ရောက်ရှိမှုနည်းစေရန်နှင့် စက်ရုံလုပ်သားများအား အဆိုပါအမှုန်များကို ရှူရှိုက်ရမှု မရှိစေရန် အလေးထား စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် ကျန်းမာရေးထိခိုက်မှုများကို လျော့နည်းစေနိုင်မည်ဖြစ်ပါသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို ဟန့်တားတိုက်ဖျက်ရန် **"အစိမ်းရောင် လုပ်ငန်းစဉ်များ"** ကို ဦးစားပေး၍ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ သို့ရာတွင် ဤသို့ဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်မည်ဆိုပါက ပြန်လည်စဉ်းစားသုံးသပ်ရန် လိုအပ်ပါမည်။

ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရရှိနိုင်မည့် အကျိုးများနှင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကို ရှုထောင့်တစ်ခုတည်းမှ လေ့လာသုံးသပ်ခြင်းမပြုဘဲ ရှုထောင့်အမျိုးမျိုးမှ ဝိုင်းဝန်းလေ့လာ သုံးသပ်ကြရန် အလွန်အရေးကြီးပါကြောင်း ဖော်ပြအပ်ပါသည်။ ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ်လက်ထက် ဖွင့်လှစ်ခဲ့သော တံတားများ

မမြချောင်းတံတား

* ဟသ်ာတ-ဆုံကုန်း-မြန်အောင်လမ်းပေါ်ရှိ မမြချောင်းတံတားကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဧပြီ ၂၈ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက်တွင် ပထမဆုံးဖွင့်လှစ်ခဲ့သော ပေ ၁၈၀ နှင့်အထက် တံတားဖြစ်သည်။ သံကူကွန်ကရစ် လွန်တူးဘိုးပိုင်အုတ်မြစ်အမျိုးအစားဖြစ်ပြီး အောက်ထည်နှင့် အပေါ်ထည်ကို သံကူကွန်ကရစ်နှင့် တည်ဆောက်ထားသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်အကျယ် ၅၈ ပေ၊ အမြင့် သုံးပေရှိသည်။ တံတားအရှည်ပေ ၁၉၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ (ယာဉ်+ကုန်) တန် ၆၀ ဖြစ်သည်။
* ဤတံတားကြီး ဖွင့်လှစ်ပေးလိုက်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးမှထွက်ရှိသည့် ရေထွက်ပစ္စည်းနှင့် ဆန်စပါးများကို မြန်မာပြည် အရှေ့မှ အနောက်၊ တောင်မှ မြောက်သို့ လမ်းကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် နိုင်ငံတစ်ဝန်းသို့ ပိုမိုမြန်ဆန်စွာ ပို့ဆောင်နိုင်မည်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် ဟသ်ာတ-ဆုံကုန်း-မြန်အောင် လမ်းဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသည်။

မြို့ချောင်းတံတား

* မြို့ချောင်းတံတားကို ၂၀၁၀ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဇူလိုင် ၂၃ ရက်က ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက်တွင် လေးစင်းမြောက် ပေ ၁၈၀ နှင့်အထက် တံတားဖြစ်သည်။ အပေါ်ထည် သံပေါင်ရက်မ၊ အောက်ထည် သံကူကွန်ကရစ်နှင့် အုတ်မြစ်ကို သံကူကွန်ကရစ် လွန်တူးဘိုးပိုင်တို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်းတံတား အရှည်ပေ ၂၇၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် (ယာဉ်+ကုန်)မှာ စုစုပေါင်း ၇၅ တန် ဖြစ်သည်။
* ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်းပေါ်တွင် တည်ရှိပြီး ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)နှင့် (အနောက်ခြမ်း)ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ရိုးမဖြတ်ကျော်လမ်း ခုနစ်လမ်းအနက် ဒုတိယမြောက်လမ်းအဖြစ်ပါဝင်၍ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့လာသည်။
* ဤတံတားကြီး ဖွင့်လှစ်ပေးသည့်အတွက် ပဲခူးတိုင်းဒေသကြီးမှ ထွက်ရှိသည့် ဆန်စပါးနှင့် ဒေသထွက်ကုန်များကို မြန်မာပြည်အရှေ့မှ အနောက်၊ တောင်မှ မြောက်သို့ ကွန်ရက်သဖွယ် ယှက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုမြန်ဆန်စွာ ပို့ဆောင်နိုင်မည်ဖြစ်သည်။ ဒေသခံပြည်သူများအတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများလည်း အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နန့်ခွင်ချောင်းတံတား

* နန့်ခွင်ချောင်းတံတားသည် ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ် ရွှေဘို-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ် (၂၁၄/၂၁၅)၌ တည်ရှိပြီး ၂၀၁၁ ခုနှစ် မေ ၂၁ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက်တွင် နှစ်စင်းမြောက် ဖွင့်လှစ်ခဲ့သော ပေ ၁၈၀ နှင့်အထက် တံတားဖြစ်သည်။ သံကူကွန်ကရစ် ရေတွင်းခွေ အမျိုးအစားဖြစ်သည်။ တံတားအရှည်ပေ ၃၅၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။
* ဤတံတားကြီး ဖွင့်လှစ်ပေးလိုက်သည့်အတွက် ကချင်ပြည်နယ်မှ ထွက်ရှိသော သဘာဝသယံဇာတပစ္စည်းများ၊ ဆန်စပါး၊ ကောက်ပဲသီးနှံများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ အရှေ့မှ အနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသောလမ်းများမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုမြန်ဆန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများအတွက် အကျိုးများစွာဖြစ်ထွန်းသည်။

အောက်နက်ချောင်းတံတား

သတင်းမှတ်စု - မောင်ငြိမ်းအေး

* အောက်နက်ချောင်းတံတားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ်လက်ထက် ၂၀၁၁ ခုနှစ် ဇွန် ၂၅ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ သုံးစင်းမြောက် ဖွင့်လှစ်ခဲ့သော ပေ ၁၈၀ နှင့်အထက် တံတားဖြစ်သည်။ သံကူကွန်ကရစ် လွန်တူးဘိုးပိုင်အုတ်မြစ် အမျိုးအစားဖြစ်ပြီး အောက်ထည်ကို သံကူကွန်ကရစ်၊ အပေါ်ထည်ကို နှစ်လွှာတစ်ထပ် ဘေလီသံပေါင်နှင့် သစ်သားကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားပြီး တံတားအရှည် ၄၆၆ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၃ ပေခွဲရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ (ယာဉ်+ ကုန်) ၁၃ တန်ဖြစ်သည်။
* ယခင်က ဘိုကလေးမှ အမာသို့ သွားမည်ဆိုလျှင် ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်းမှတစ်ဆင့်သွားရပြီး ယခု ဤလမ်းကသွားလျှင် ခရီးမိုင် ၃၂ မိုင် ၅ ဖာလုံ တိုတောင်းသွား၍ အချိန်ကုန်၊ ငွေကုန်သက်သာလာသည်။
* ဤတံတားကြီး ဖွင့်လှစ်ပေးလိုက်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသော ရေထွက်ပစ္စည်းနှင့် ဆန်စပါးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာပြည်အရှေ့မှ အနောက်၊ တောင်မှမြောက်သို့ လမ်းကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုမြန်ဆန်စွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေသက်ခင်အား General Electric Corporate နှင့် Friends without A BODER တို့မှ ဧည့်သည်များ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၃၁

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေသက်ခင်အား General Electric Corporate -Asia Pacific and ASEAN Headquarters ဥက္ကဋ္ဌ Mr. Stuart Dean ခေါင်းဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၃၀ ရက် ညနေ ၄ နာရီခွဲတွင်လည်းကောင်း၊ Friends without A BODER အဖွဲ့ မန်နေဂျင်းဒါရိုက်တာ Mr. Stanislaus Ting နှင့်အဖွဲ့သည် ညနေ ၅ နာရီခွဲတွင်လည်းကောင်း အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံကြသည်။

General Electric Corporate -Asia Pacific and ASEAN Headquarters အဖွဲ့နှင့် တွေ့ဆုံရာတွင် ဆေးရုံများအဆင့်မြှင့်တင်ရေးနှင့် ဝန်ဆောင်မှုတိုးတက်စေရေးအတွက် ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ရောဂါရှာဖွေရေးနှင့် ဆေးကုသရေးတွင်အသုံးပြုရန် ခေတ်မီစက်ပစ္စည်းကိရိယာများ ဖြည့်တင်းရေးကိစ္စရပ်များကို ဆွေးနွေးကြပြီး Friends without A BODER အဖွဲ့နှင့်တွေ့ဆုံရာတွင် ဆေးတက္ကသိုလ်များ၌ သင်ကြားရေး အထောက်အကူပြုပစ္စည်းများ ပံ့ပိုးရန်ကိစ္စရပ်များနှင့် နည်းပညာဖလှယ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦး၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရအဓွန့်ရှည် တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ☆ ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားအောင် ဖော်ဆောင်ရေး။
- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကိုကျင့်သုံးပြီး ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

❍ ကျောဖုံးမှ

အင်းကုန်းပင်မဓာတ်အားခွဲရုံတွင် 132 KV Feeder တိုးချဲ့တည်ဆောက်နေမှု၊ ကျောမြို့နှင့် ဂန့်ဂေါမြို့တို့တွင် 66/11KV , 2MVA ဓာတ်အားခွဲရုံ တည်ဆောက်နေမှု၊ မြောက်ပြင်ပင်မဓာတ်အားခွဲရုံတွင် Transformer များ တပ်ဆင်ပြီးစီးမှုနှင့် ဓာတ်အားလိုင်း အဝင်/အထွက်လိုင်းများ တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန စီမံကိန်းညွှန်ကြားရေးမှူးရုံး(မြောက်ပိုင်း)မှ စီမံကိန်းညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဒေါ်အေးအေးမင်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ယခုတည်ဆောက်နေသည့် 230/33/11KV (2x100)MVA မြောက်ပြင်ပင်မဓာတ်အားခွဲရုံသည် မြန်မာနိုင်ငံတွင် 100MVA Transformer ဖြင့် ပထမဆုံးတည်ဆောက်သည့် ခွဲရုံဖြစ်သဖြင့် အဘက်ဘက်က ဂရုတစိုက် တပ်ဆင်တည်ဆောက်ရန်လိုကြောင်း၊ မြောက်ပြင်ခွဲရုံမှ ဓာတ်အားကို 33 KV Feeder ၁၁ ခုဖြင့် ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးမည်ဖြစ်ရာ မန္တလေးမြို့နှင့် ပတ်ဝန်းကျင်ဒေသများတွင် ဓာတ်အားလုံလောက်စွာရရှိတော့မည်ဖြစ်၍ အလေးထားဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားပြီး Control Building အတွင်း Battery Room၊ Switch Gear Room၊ Protection Room တို့ကိုလည်းကောင်း၊ Switch Yard အတွင်း Transformer များတပ်ဆင်ပြီးစီးမှု၊ 230KV ဓာတ်အားလိုင်းအဝင်နှင့် 33 KV ဓာတ်အားလိုင်းအထွက်သို့ Connection ချိတ်ဆက်ခြင်းများ ပြီးစီးနေမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထူးကုဆရာဝန်ကြီးများအဖွဲ့ သံတောင်ကြီးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၃၁

ကရင်ပြည်နယ် အစိုးရအဖွဲ့အစီအစဉ်ဖြင့် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မောင်လင်း ခေါင်းဆောင်သော အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုများသည် ဇန်နဝါရီ ၂၇ ရက်တွင် သံတောင်ကြီး တိုက်နယ်ပြည်သူ့ဆေးရုံ၌ သံတောင်ကြီးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ကျေးရွာသူ ကျေးရွာသားများ၊ တိုင်းရင်းသားများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကာ **(ဝဲပုံ)** လူနာများအား အနွေးအင်္ကျီ၊ စောင်များ၊ ကရင်တိုင်းရင်းသားဝတ်စုံများနှင့် အိုင်အိုဒင်းဆားထုပ်များ ပေးအပ်ကြပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်များတပ်ဆင်လှူဒါန်းပေးကြသည်။

အဆိုပါ သံတောင်ကြီးတိုက်နယ် ပြည်သူ့ဆေးရုံ၌ ဘားအံပြည်သူ့ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများနှင့် သံတောင်ကြီးတိုက်နယ်ဆေးရုံမှ ဆရာဝန်၊ သူနာပြုများပါဝင်သော အဖွဲ့ ၁၀ ဖွဲ့တို့ဖြင့် ကျေးလက်နေပြည်သူများအား အခမဲ့ဆေးဝါးကုသမှုများ လစဉ် ကွင်းဆင်းကုသဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်နိုင်ငံဘဏ်များအကြား ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၃၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား The Bank of Tokyo-Mitsubishi UFJ Ltd. မှ Chief Representative Mr. Yasushi Takeuchi နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် အဆိုပါဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး The Bank of Tokyo-Mitsubishi UFJ Ltd. နှင့် မြန်မာနိုင်ငံဘဏ်များအကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။ **(ယာပုံ)**

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် စေတီတော် ဓာတ်လှေကားဆောင်ရှေ့၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များက ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းက ပွဲတော်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၈ ရက်အထိ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဆီမီး ပူဇော်ပွဲ၊ ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲ၊ ထမနဲထိုးပွဲ၊ ခြင်းအလှခတ်ပွဲနှင့် ဇာတ်သဘင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၃၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ မွန်ပြည်နယ်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်၊ မွန်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ပူတာအိုမြို့နှင့် ဟားခါးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့နှင့် လားရှိုးမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီနှင့် လွိုင်လင်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၃ ဒသမ ၂၃ လက်မ၊ ကော့သောင်းမြို့တွင် သုည ဒသမ ၇၉ လက်မ၊ ရေးမြို့နှင့် လောင်းလုံမြို့တို့တွင် သုည ဒသမ ၁၂ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

❐ တရားဝင်အလုပ်သမားမှ

ဦးစွာစစ်ဆေးမှုများ ပြုလုပ်မယ်၊ နိုင်ငံသားကတ် (သို့မဟုတ်)အိမ်ထောင်စုစာရင်း၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ထောက်ခံစာတွေ တင်ပြနိုင်မယ်၊ ထိုင်းနိုင်ငံဘက်က အလုပ်ခေါ်ယူမယ့် အလုပ်ရှင်ကလည်း ရွေးချယ်မယ်ဆိုရင်တော့ ကျွန်တော်တို့က ယာယီမြန်မာနိုင်ငံကူးလက်မှတ်ကို ပြုလုပ်ပေးပါတယ်။ ကုန်ကျငွေအနေနဲ့ကတော့ တစ်ဦးလျှင် အစ၊ အဆုံး ငွေကျပ် ၅၂၀၀ သာ ကျသင့်မှာပါ။ ဒီယာယီမြန်မာနိုင်ငံကူးလက်မှတ်တွေကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်ကစပြီး ပြုလုပ်ပေးခဲ့တာ တစ်လအတွင်း လုပ်သား ၈၅၀ ကျော်ကို ယာယီမြန်မာနိုင်ငံကူးလက်မှတ်တွေ ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။ နောက်ပိုင်းမှာ ယခုထုတ်ပေးလျက်ရှိသော လက်ရေးဖြင့် ရေးသားထားသည့်စာအုပ်ထက် အဆင့်အတန်းပိုရှိသော Computerized Tempory Passport(CTP)System ကို အသုံးပြုတော့မှာပါ"ဟု ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံး(မြဝတီ)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လုပ်သားအခွင့်အရေးများအနေဖြင့် မေးမြန်းမှုကို "ထိုင်းစက်ရုံအလုပ်ရုံများမှ လုပ်သားလိုအပ်ချက်အရ ခေါ်စာတစ်သောင်းနီးပါးကို မြဝတီရုံးအနေနဲ့ လက်ခံရရှိထားပြီးဖြစ်တယ်။ ခေါ်စာခေါ်တဲ့ အလုပ်ရှင်များနဲ့ ကျွန်တော်တို့ဘက်က အချက်(၂၁)ချက်ပါ စာချုပ်ကို ချုပ်ဆိုပါတယ်။ စာချုပ်မှာကတော့ မြန်မာလုပ်သားများအတွက် အခွင့်အရေးများစွာရရှိစေတဲ့အချက်တွေ ပါဝင်ပါတယ်။ ဥပမာ တစ်ရက်လျှင် ဘတ် ၂၀၀ ထက်မနည်းသောလစာ၊ ရေ-မီး-နေစရာအခမဲ့၊ အန္တရာယ်ကင်းတဲ့အလုပ်စတာတွေပေါ့"ဟု ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံး(မြဝတီ) အလုပ်သမားရေးရာမှ တာဝန်ရှိသူက ဖြေကြားသည်။

နှစ်နိုင်ငံသဘောတူစာချွန်လွှာအရ လက်ရှိလုပ်ပေးလျက်ရှိသည့် ယာယီမြန်မာနိုင်ငံကူးလက်မှတ်မှာ (၆)နှစ်သက်တမ်းဖြစ်ပြီး နေထိုင်ခွင့်ဗီဇာသက်တမ်းကို ထိုင်းနိုင်ငံဘက်က (၂)နှစ်ပေးကြောင်း သိရသည်။ ယခုပြုလုပ်ပေးသည့် ယာယီမြန်မာနိုင်ငံကူးလက်မှတ်ဖြင့် ထိုင်းနိုင်ငံကို မြဝတီ၊ တာချီလိတ်နှင့် ကော့သောင်းနယ်စပ်များမှသာ သွားရောက်ရမည်ဖြစ်ကြောင်း သိရသည်။

ဇေယျာ(မိုင်ရာ)

မရမ်းကုန်းမြို့နယ် ဂီတအစည်းအရုံး နှစ်ပတ်လည်စုံညီ အစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဂီတအစည်းအရုံး၏ နှစ်ပတ်လည်စုံညီအစည်းအဝေးကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားအနီး အလက (၅)မရမ်းကုန်း ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးလှိုင်(သမိုင်းကိုကိုလှိုင်)နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ၏ သဝဏ်လွှာကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) တွဲဖက်အတွင်းရေးမှူး(၄) ဦးရေအေးက ဖတ်ကြားပြီး မြို့နယ်ဂီတအစည်းအရုံး အမှုဆောင်အဖွဲ့ဝင် ဒေါ်ကေသီနွယ်က နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားတင်ပြ အတည်ပြုချက်ရယူကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ အာရှာဗင်မှ

အာရှာဗင်၏ အာဆင်နယ်နှင့် စာချုပ်သက်တမ်းမှာ ၂၀၁၃ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။ အန်ဂျီသည် ဒေသတွင်းနှင့် ဥရောပတွင် ထိပ်တန်းအသင်းကြီးဖြစ်လာရေး ရည်မှန်းချက်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အာရှာဗင်ကို လက်ရခေါ်ယူနိုင်ရေးအတွက် ဤသို့ကြိုးပမ်းနေခြင်းဖြစ်သည်ဟုဆိုသည်။

အင်တာနက်။

မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၃၁

ဒသမအကြိမ် မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲကို မန္တလေးမြို့ ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်၌ ဖေဖော်ဝါရီ ၁၂ ရက် မှစတင်၍ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင် ပန်းအလှပြပြင်ခြင်း၊ ပန်းအလှပင်၊ အရွက်အလှပင်နှင့် ရွက်လှပင်၊ ပြည်တွင်းသစ်ခွ၊ ပြည်ပသစ်ခွ၊ နှင်းဆီပင်၊ ရှားစောင်းပင်၊ သက်ကြီးပုပင်(ဘွန်ဆိုင်း)၊ အသီးပါသည့်အလှအပင်(အိုးဖြင့်)၊ ဟင်းသီးဟင်းရွက် (အရွက်)(အထုပ်) (အသီးပါအပင်)နှင့် ဥ၊ သစ်သီး၊ ဟင်းသီးအသီးအလုံး၊ သစ်သီးဝလံ၊ ဟင်းသီး အသီးအနှံအတွဲနှင့် သစ်သီးပုံဖော်အလှဆင်ခြင်း ပြိုင်ပွဲများပါဝင်မည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်မည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပန်းမန်များအား ကန်တော်ကြီးလူထုအပန်းဖြေဥယျာဉ် ကွပ်ကဲရေးရုံးသို့ ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၄ နာရီအရောက်ပေးပို့ယှဉ်ပြိုင်နိုင်၍ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနနှင့် ကန်တော်ကြီးလူထုအပန်းဖြေဥယျာဉ် ကွပ်ကဲမှုရုံး-ဖုန်း-၀၂-၅၉၁၇၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

⁂ ဂြိုဟ်သိမ်မှ

ပိုမိုကြီးမားသော ဂြိုဟ်သိမ်တစ်ခုသည် ကမ္ဘာမြေအနီးမှ မြင့်မားသည့်ရှိန်နှုန်းဖြင့် ဖြတ်ပျံမည်ဖြစ်ရာ သိပ္ပံပညာရှင်များ၏ဂြိုဟ်သိမ်ကာကွယ်ရေးတံတိုင်းစိတ်ကူးမှာ အနည်းငယ်မျှ နောက်ကျကြောင်း ဒေးလီးမေးလ်သတင်းစာက ဖော်ပြသည်။

အားရော့စ်-၄၃၃ ဟူ၍ အမည်ပေးထားသော အဆိုပါဂြိုဟ်သိမ်သည် အရွယ်အစားအားဖြင့် ၁၉ မိုင် × ၈ မိုင် × ၈ မိုင် ရှိပြီး ယခုရက်သတ္တပတ်အတွင်း ကမ္ဘာမြေအနီးမှ ဖြတ်ပျံမည်ဖြစ်သည်။

အားရော့စ်-၄၃၃ ဂြိုဟ်သိမ်သည် လပတ်လမ်းအပြင်ဘက် အဝေးမှနေ၍ ကမ္ဘာကို ဖြတ်သန်းမည်ဖြစ်ရာ အရွယ်အစားအားဖြင့် ကြီးမားသော်လည်း ကမ္ဘာမြေအား အန္တရာယ်ကျရောက်စေနိုင်မည်မဟုတ်ကြောင်း သိရသည်။

ဂြိုဟ်သိမ်ကာကွယ်ရေးတံတိုင်းစီမံချက်ကို ဂျာမန်အာကာသဗဟိုဌာနက အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး လာမည့်သုံးနှစ်အတွင်း စမ်းသပ်မှုမစ်ရှင်တစ်ရပ်လုပ်ဆောင်နိုင်ရန် ရည်ရွယ်ထားသည်။ ယင်းကာလနောက်ပိုင်း ရန်ပုံငွေအပိုဆောင်းရရှိလာပါက ဂြိုဟ်သိမ်ကာကွယ်ရေးတံတိုင်းကို ၂၀၂၀ ခုနှစ်တွင် စတင်အသုံးပြုနိုင်ဖွယ်ရှိသည်။

အင်တာနက်။

Royal Mingalardon Golf & Country Club ၏ Club House ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

ဇေကမ္ဘာမြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည့် Royal Mingalardon Golf & Country Club ၏ Club House ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေက ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေတို့က အမှာစကားပြောကြားသည်။ ယင်းနောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေက Club House ၏ Designer များဖြစ်သော ဒေါက်တာဇော်ထွန်းနှင့် Mr. David Wei တို့အား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးဇေသီဟ၊ ဒါရိုက်တာ ဒေါ်ဇေဇင်လတ်တို့က Club House အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် Club House အတွင်း ကြည့်ရှုလေ့လာကြပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဂေါက်သီးရိုက်ကစားကြသည်။

(သတင်းစဉ်)

ပညာရေး၊ကျန်းမာရေးနှင့် ယဉ်ကျေးမှု ကော်မတီ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ် စား လှယ် ဒေါက်တာ ခင်ရွှေ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

မြန်မာ့ရိုးရာစစ်တုရင် တစ်ဦးချင်းအလွတ်တန်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့မှ ကြီးမှူးကျင်းပမည့် မြန်မာ့ရိုးရာစစ်တုရင်တစ်ဦးချင်းအလွတ်တန်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းနှင့် ကန်ရိပ်သာလမ်းထောင့်ရှိ သိမ်ဖြူ အားကစားခန်းမ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဖေဖော်ဝါရီ ၁၄ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်ရုံးတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

မြန်မာ့ရိုးရာ စစ်တုရင်တစ်ဦးချင်း အလွတ်တန်းပြိုင်ပွဲမှ လက်ရည်စစ်အောင်မြင်သူများသည် ၂၀၁၂ ခုနှစ် မြန်မာ့ရိုးရာစစ်တုရင်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ပြီး တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲမှ မြန်မာ့လက်ရွေးစင်များ ရွေးချယ်မည်ဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့ရိုးရာ စစ်တုရင်အားကစားနည်းအား ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (စစ်တုရင်အဖွဲ့ချုပ်)

Road to 27^{th} Sea Games အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မှတ်တမ်းတင်ဓာတ်ပုံပြပွဲ နှစ်ရက် ထပ်မံတိုးမြှင့်ပြသမည်

ရန်ကုန် ဇန်နဝါရီ ၃၁

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အထိမ်းအမှတ် မှတ်တမ်းတင်ဓာတ်ပုံပြပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ အာရှပလာဇာ ဟိုတယ်၌ ကျင်းပခဲ့ရာ ပြပွဲသို့ စိတ်ဝင်တစား လာရောက်လေ့လာကြသူများအတွက် နှစ်ရက် ထပ်မံတိုးမြှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဓာတ်ပုံပြပွဲတွင် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့ပုံများ၊ မြန်မာအားကစားအဖွဲ့ချုပ်အသီးသီး၏ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်မှတ်တမ်းဓာတ်ပုံများ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် အားကစားဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ၏ စီမံဆောင်ရွက်ခဲ့မှု ဓာတ်ပုံမှတ်တမ်းများကို ပြသထားသည်။ ပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာသူများအား နေ့စဉ် ဗလာမပါကံစမ်းမဲအစီအစဉ်များကိုလည်း မဲဖောက်ပေးလျက်ရှိသည်။ ကံစမ်းမဲအစီအစဉ်များတွင် ပြည်တွင်းပြည်ပခရီးစဉ်များလည်း ပါဝင်ပြီး စိတ်ဝင်တစား လာရောက်ကြည့်ရှုလေ့လာသူများဖြင့် မူလအစီအစဉ်ထက် နှစ်ရက်ထပ်မံတိုးမြှင့်ကာ ဖေဖော်ဝါရီ ၂ ရက်အထိ ခင်းကျင်းပြသပေးသွားမည်ဖြစ်ကြောင်း ပြပွဲစီစဉ်ကျင်းပသူ Xenon Inject Printing Co., Ltd. မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လာမည့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပတော့မည့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် အိမ်ရှင်ကောင်းပီသစွာ အောင်မြင်စွာဖြင့် ကျင်းပပြီးစီးနိုင်ရေး၊ တစ်ထောင့်တစ်နေရာမှ ပူးပေါင်းပါဝင်ဆောင်ရွက်လိုသည့် စေတနာ့ဝန်ထမ်း စိတ်ဓာတ် အခြေခံကောင်းများ ရရှိရန် အဓိကရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။ (၀၀၁)

နိုင်ငံတကာအနုပညာရပ်ဝန်း — အေဝမ်းစိုး

ဘောလိဝုဒ်ရောက် ဗြိတိသျှမော်ဒယ်လ်သရုပ်ဆောင်နှင့် တွေ့ဆုံမေးမြန်းခြင်း

အေမီဂျက်ဆင်ဆိုသည်မှာ ၁၉၉၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် မွေးဖွားခဲ့ပြီး ဗြိတိသျှမော်ဒယ်လ်နှင့် သရုပ်ဆောင် တစ်ဦးဖြစ်သည်။ အေမီသည် သရုပ်ဆောင်လောကသို့ ရောက်မလာမီ ၂၀၀၈ ခုနှစ်က ကမ္ဘာ့ဆယ်ကျော်သက်အလှမယ်သရဖူနှင့် ၂၀၁၀ ခုနှစ်က လီဗာပူးအလှမယ် သရဖူကိုဆောင်းခွင့်ရရှိခဲ့သူဖြစ်သည်။ ၂၀၁၀ ခုနှစ်က ဘောလိဝုဒ်ရုပ်ရှင် Madrasapattinam ဇာတ်ကားဖြင့် ဘောလိဝုဒ်ရုပ်ရှင်လောကတွင် လူသိများနေသူတစ်ဦးဖြစ်သည်။ အေမီ**(ယာပုံ)**သည် အင်္ဂလန်ပရီမီယာလိဂ်ဘောလုံးအသင်းတစ်သင်းဖြစ်သည့် လီဗာပူးအသင်းအသည်းစွဲပရိသတ်တစ်ဦးဖြစ်ပြီး ယင်းအထာကိုသိထားသူ ဘောလိဝုဒ်ရုပ်ရှင်သတင်းထောက်က ဘောလုံးမေးခွန်းဖြင့် စတင်မေးမြန်းလိုက်သည်။

သတင်းထောက် ။ ။ ကျွန်တော်က လီဗာပူးအသင်းပရိသတ်ပါ။ အေမီကရော လီဗာပူးပရိသတ်ပဲလား။

အေမီ ။ ။ ဟန်ကျလိုက်တာရှင် လီဗာပူးပရိသတ်တစ်ဦးနဲ့တွေ့ရတာဝမ်းသာပါတယ်။ ကျွန်မအိန္ဒိယမှာ မန်ယူပရိသတ်တွေနဲ့ ချယ်လ်ဆီးပရိသတ်တွေပဲတွေ့နေရတယ်။ ကျွန်မက လီဗာပူးအမာခံပရိသတ်တစ်ဦးပါ။ အသင်းခေါင်းဆောင် စတီဗင်ဂျရတ်ကို ရှင်သဘောကျမယ်လို့ထင်တယ်။

သတင်းထောက် ။ ။ အေမီ ဘောလိဝုဒ်ရုပ်ရှင်လောကမရောက်ခင်က ဘောလိဝုဒ်ရုပ်ရှင်လောကအကြောင်း ဘယ်လောက်သိထားလဲ။ ဘောလိဝုဒ်ကြယ်ပွင့်တွေအကြောင်းရော ကြားဖူးသလား။

အေမီ ။ ။ ဘောလိဝုဒ်ရုပ်ရှင်လောကဟာ ကမ္ဘာ့ကျော်ရုပ်ရှင်အသိုင်းအဝိုင်းတစ်ခုပါ။ လူတိုင်းလူတိုင်း ဘောလိဝုဒ်ရုပ်ရှင်ကို သတိထားမိမှာပါ။ ကျွန်မ မော်ဒယ်လ်လောကမှာ ကျင်လည်နေစဉ်ကတည်းက ဘောလိဝုဒ်မင်းသမီးအက်ရှ်ဝါရိုင်းကို နှစ်သက်သဘောကျခဲ့ပါတယ်။ အခြားဘောလိဝုဒ်သရုပ်ဆောင်အချို့ကိုလည်း သိပါတယ်။

သတင်းထောက် ။ ။ အေမီက စိတ်ကူးယဉ်အချစ်ဇာတ်လမ်းတွေကို သဘောကျလား။

အေမီ ။ ။ သဘောကျပါတယ်။ The Notebook တို့၊ Titanic တို့ဆိုတာ ကျွန်မအကြိုက်ဆုံး ဇာတ်ကားတွေပေ့ါ။ ၂၀၁၁ ခုနှစ်က ကျွန်မနဲ့ ပရာတီအစ် ဘတ်ဘာတို့ သရုပ်ဆောင်ထားတဲ့ Ekk Deewana Tha ဇာတ်ကားဟာလည်း တကယ့်အချစ်ဇာတ်ကားပါပဲ။ ဒီဇာတ်ကားရဲ့ သရုပ်ဆောင်မှုအပိုင်းနဲ့ ပတ်သက်လို့လည်း ကျေနပ်အားရမိပါတယ်။

သတင်းထောက် ။ ။ အင်္ဂလန်က လာတုန်းက ဂိုင်းရစ်ချီ ဒါမှမဟုတ် ဒန်နီဘွိုင်းလ်တို့နဲ့ အတူလက်တွဲ အလုပ်လုပ်ရလိမ့်မယ်လို့ စိတ်ကူးယဉ်ခဲ့သလား။

အေမီ ။ ။ ဂိုင်းရစ်ချီတို့ ဒန်နီဘွိုင်းလ်တို့နဲ့ အတူအလုပ်လုပ်ချင်သလို အိန္ဒိယဘောလိဝုဒ်ရုပ်ရှင်လောကမှာ အခြေစိုက်ဖို့လည်း ဆုံးဖြတ်ထားပါတယ်။ ဘောလိဝုဒ်မင်းသမီး ကရီနာကပူးနဲ့ အတူတွဲသရုပ်ဆောင်ချင်ပါတယ်။ ဘောလိဝုဒ်ရုပ်ရှင်လောကကို အခြေချဖို့ဆုံးဖြတ်ခဲ့တာ ကရီနာကပူးရဲ့ တွန်းအားတွေလည်းပါပါတယ်။ ဘောလိဝုဒ်ရုပ်ရှင်လောကက ဒီဗွီဒီတွေနဲ့ ထိပ်တန်း ၂၅ ကားကိုလည်း လေ့လာကြည့်ရှုခဲ့ပါတယ်။ ကရီနာကပူးရဲ့ Jab We Met ဇာတ်ကားကတည်းက ကျွန်မက သူရဲ့ပရိသတ်ပါ။

သတင်းထောက် ။ ။ အေမီရဲ့ ပထမဆုံးဘောလိဝုဒ်ရုပ်ရှင်ကား ဒါရိုက်တာကော့ဟမ်မီနွန်နဲ့ အလုပ်လုပ်ရတာရော ဘယ်လိုလဲ အဆင်ပြေရဲ့လား။

အေမီ ။ ။ ဟုတ်ကဲ့ အဆင်ပြေပါတယ်။ သူက ပွင့်ပွင့်လင်းလင်းရှိသူတစ်ဦးပါပဲ။ ကျွန်မရဲ့ သရုပ်ဆောင်စရိုက်လက္ခဏာကို ကျွန်မ စွမ်းဆောင်နိုင်တာထက်ကို သူက ပိုသိနေပါတယ်။

သတင်းထောက် ။ ။ Ekk Deewana Tha ဇာတ်ကားမှာ Jessie အဖြစ် သရုပ်ဆောင်ရတာရော ဘယ်လိုအခက်အခဲတွေရှိသလဲ။

အေမီ ။ ။ Jessie အဖြစ် သရုပ်ဆောင်ရတာ အတော်ခက်ခဲပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မနဲ့ လုံးဝခြားနားတဲ့ စရိုက်လက္ခဏာရှိသူရဲ့ ဇာတ်ရုပ်ကို သရုပ်ဆောင်ရလို့ပါ။

အင်တာနက်။

မင်္ဂလာတောင်ညွန့်မြို့နယ်၌ မီးဖိုခန်းပြိုကျမှု ဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၃၁

ယနေ့ ညနေ ၄ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် (၁၁၉)လမ်း အမှတ် (၁၃) အုတ်ညှပ်နှစ်ထပ်တိုက် အဆောက်အအုံအပေါ်ထပ် နောက်ဖေးမီးဖိုခန်း ပြိုကျမှုဖြစ်ပွားခဲ့သည်။

အဆိုပါ အုတ်ညှပ်နှစ်ထပ်တိုက်မှာ ၁၉၈၇ ခုနှစ်က ဆောက်လုပ်ထားခြင်းဖြစ်သည်။ ဆောက်လုပ်သည့် သက်တမ်း ၂၄ နှစ်ခန့်ရှိပြီဖြစ်၍ အုတ်များဆွေးမြည့်ကာ ၁၀ ပေ ပတ်လည် အကျယ်ရှိ မီးဖိုခန်းပြိုကျခြင်းဖြစ်သည်။

အဆိုပါ နှစ်ထပ်တိုက်၌ အပေါ်ထပ်တွင် မိသားစု ငါးဦး၊ အောက်ထပ်တွင် မိသားစုငါးဦး နေထိုင်ကြပြီး မီးဖိုခန်းပြိုကျမှုကြောင့် လူထိခိုက်မှုမရှိကြောင်း၊ တိုက်တွင် နေထိုင်သူများ မိမိအစီအစဉ်ဖြင့် အခြားသို့ ပြောင်းရွှေ့နေထိုင်ကြကြောင်း သိရသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်၌ပင် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)က သပြေကုန်းရပ်ကွက် (၁၂၄) လမ်း၌ သုံးထပ်တိုက်အပေါ်ဆုံးထပ် ဘယ်ဘက်ခြမ်းအခန်း၏ အနောက်ဘက် ရေချိုးခန်း ပြိုကျမှုဖြစ်ပွားခဲ့သည်။

အဆိုပါ အခန်းပြိုကျမှုမှာ ရေချိုးခန်းကြမ်းပြင် ကွန်ကရစ်လောင်းစဉ်က သံချောင်းများ လုံလောက်စွာ ထည့်သွင်းတည်ဆောက်ထားခြင်းမရှိ၍ အခန်းပြိုကျခြင်းဖြစ်ကြောင်း သိရသည်။ ယခုလည်း အုတ်များ ခိုင်ခံ့မှုမရှိတော့ခြင်းကြောင့် မီးဖိုခန်း ပြိုကျခြင်းဖြစ်ရာ သက်တမ်းကြာ အဆောက်အအုံများ၏ ခိုင်ခံ့မှုကို သတိပြု စစ်ဆေးသင့်ကြောင်း ဤအဖြစ်အပျက်နှစ်ခုက ညွှန်းပြလျက်ရှိသည်။ (စိုးမင်း-သတင်းစဉ်)

ပြိုကျမှုဖြစ်ပွားသည့် ၁၀ ပေ ပတ်လည်အကျယ်ရှိ မီးဖိုခန်း။

ရခိုင်ပြည်နယ် တောင်ကုတ်မြို့တွင် မီးလောင်၊ ဆိုင်ခန်း ၁၂ ခန်း ဆုံးရှုံးပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၃၁

ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့ ကံပိုင်ရပ်ရှိ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ ဦးကြွေင်း၏ဆိုင်ခန်းမှ စတင်၍ မီးလောင်မှုဖြစ်ပွားခဲ့ရာ မြို့နယ်မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများက မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီး၊ စည်ပင်သာယာ ရေသယ်ယာဉ်နှစ်စီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ရေသယ်ယာဉ်တစ်စီးနှင့် မြို့လူထုပိုင်ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် အရှည် ၁၀ ပေ၊ အကျယ် ၅ ပေရှိ ဆိုင်ခန်း ၁၂ ခန်း မီးလောင်ဆုံးရှုံးခဲ့ပြီး အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ဒဏ်ရာရရှိခဲ့သဖြင့် အဆိုပါဒဏ်ရာရရှိသူများအား တာဝန်ရှိသူများက တောင်ကုတ်မြို့နယ် ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသပေးခဲ့ပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် မီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာ

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်နှင့် ပတ်သက်တဲ့ အထောက်အကူပြုသင်ခန်းစာများကို နှစ်ပိုင်းခွဲပြီး ရှင်းလင်းတင်ပြပါမယ်။ ပထမပိုင်းမှာ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံကိုတင်ပြပြီး ဒုတိယပိုင်းမှာ စာမေးပွဲမေးခွန်းဖြေဆိုပုံဖြေဆိုနည်းနဲ့ သတိပြုရမည့်အချက်များကို ရှင်းလင်းတင်ပြပါမယ်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကို အပိုင်း(က)နှင့် အပိုင်း(ခ)ဆိုပြီး နှစ်ပိုင်းခွဲခြား မေးထားပါသည်။ အပိုင်း(က)တွင် မဖြေမနေရ ဖြေဆိုရမည့် မေးခွန်း နှစ်ပုဒ်မေးထားပါသည်။ မေးခွန်းနံပါတ် (၁)နှင့် မေးခွန်းနံပါတ် (၂) ဖြစ်ပါသည်။ မေးခွန်းနံပါတ်(၁)ကို (၃)မျိုးခွဲခြားထားရာ ပေးထားသည့် ဖော်ပြချက်များကို မှား/မှန် ဖြေဆိုရမည့်မေးခွန်း၊ ကွက်လပ်ဖြည့်မေးခွန်းနှင့် ရွေးချယ်မှုမေးခွန်းတို့ ဖြစ်ပါသည်။

မေးခွန်းနံပါတ်(၂) ကတော့ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ အဓိပ္ပာယ်ဖွင့်ဆိုရမယ့် ဝေါဟာရ (၁၈)ခု ပေးထားပြီး နှစ်သက်ရာ(၁၀)ခုကို ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။အဓိပ္ပာယ်ဖွင့်ဆိုချက် တစ်ခုကို (၂)မှတ်စီနဲ့ စုစုပေါင်းအမှတ်(၂၀)ပေးထားပါတယ်။ ဒသမတန်း ဘောဂဗေဒသင်ရိုးစာအုပ်မှာ ရေးသားဖော်ပြထားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တိတိကျကျ ပြည့်ပြည့်စုံစုံ ရေးသားနိုင်လျှင် အမှတ်ပြည့် (၂၀)မှတ် ရရှိနိုင်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းရဲ့ အပိုင်း(က)မှာ မေးထားတဲ့မေးခွန်းတွေဖြစ်တဲ့ မေးခွန်းနံပါတ် (၁)နဲ့ မေးခွန်းနံပါတ် (၂)မှာ ပါတဲ့မေးခွန်းများသည် ပြဋ္ဌာန်းသင်ရိုးစာအုပ်ပါ အခန်း(၆)ခန်းလုံးကဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၁)နဲ့ မေးခွန်းနံပါတ်(၂)နှစ်ခုပေါင်းမှာ အမှတ် (၄၀)ဖိုးဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၁)နဲ့ မေးခွန်းနံပါတ် (၂)ကို ပြည့်စုံမှန်ကန်စွာဖြေဆိုနိုင်လျှင် အမှတ်(၄၀)အပြည့် ရရှိနိုင်ပါတယ်။

မေးခွန်းလွှာရဲ့ အပိုင်း(ခ)မှာ စုစုပေါင်းမေးခွန်း (၄)ပုဒ် ပေးထားပါတယ်။ မေးခွန်းနံပါတ်(၃)၊ (၄)၊ (၅)၊ (၆) တို့ဖြစ်ပါတယ်။ ဒီ(၄)ပုဒ်ထဲက နှစ်သက်ရာ(၃)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၃)၊ (၄)၊ (၅) တို့က ပုံစံတူမေးခွန်းများ ဖြစ်ပါတယ်။ မေးခွန်းတစ်ပုဒ်စီမှာ (က) နဲ့ (ခ) ဆိုပြီး အပိုင်းနှစ်ပိုင်းစီပါဝင်ပြီး (က) အပိုင်းက မေးခွန်းရှည်၊ (ခ) အပိုင်းက မေးခွန်းတို(၄)ပုဒ်မေးထားပါတယ်။ (ခ) အပိုင်း မေးခွန်းတိုသည် မှတ်စုတိုရေးရန်ဖြစ်ပြီး ယင်းမေးခွန်းတို (၄)ပုဒ်မှ မိမိကြိုက်နှစ်သက်ရာ (၂) ပုဒ် ဖြေဆိုရမှာဖြစ်ပါတယ်။ စာမေးပွဲဖြေဆိုမည့် တပည့်တို့က (က)အပိုင်း မေးခွန်းရှည် သို့မဟုတ် (ခ) အပိုင်းက မှတ်စုတို မေးခွန်း(၂)ပုဒ် နှစ်သက်ရာ ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ (က)အပိုင်းနဲ့ (ခ)အပိုင်း နှစ်ပိုင်းစလုံး ဖြေဆိုရန်မလိုပါ။ (က)အပိုင်းမေးခွန်းရှည် တစ်ပုဒ်တည်းအတွက် အမှတ်(၂၀)ပေးထားပြီး (ခ) အပိုင်း မှတ်စုတိုအတွက် တစ်ပုဒ်လျှင် (၁၀)မှတ်နဲ့ နှစ်ပုဒ်အတွက် အမှတ်(၂၀)ပေးထားပါတယ်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့မေးခွန်းနံပါတ်(၆)ကညာဏ်စမ်းမေးခွန်းဖြစ်ပြီး ပေးထားတဲ့စာရင်း အင်းကိန်းဂဏန်းများကို အခြေခံပြီး မျဉ်းကွေးများရေးဆွဲခြင်း၊ တွက်ချက်သုံးသပ်ဖြေဆိုခြင်းများပြုလုပ်ရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၆)မှာ မေးခွန်း(၃)ပုဒ် (က)၊ (ခ)၊ (ဂ) ပါဝင်ပြီး ယင်း (၃)ပုဒ်မှ နှစ်သက်ရာ (၂)ပုဒ် ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။ တစ်ပုဒ်လျှင် (၁၀)မှတ်စီ ပေးထားပြီး (၂)ပုဒ်ကို အမှတ် (၂၀) ရနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းရဲ့ အပိုင်း(ခ)က စုစုပေါင်းအမှတ် (၆၀)ဖိုး ဖြစ်ပါတယ်။

၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာပုံစံကိုခြုံပြီး ပြောရမယ်ဆိုလျှင်၊ မေးခွန်း(၅)မျိုးပါဝင်တဲ့ မေးခွန်း(၆)ပုဒ် ပေးထားတဲ့ မေးခွန်းလွှာဖြစ်ပါတယ်။ မေးခွန်း(၅)မျိုးကတော့ (၁) ဓမ္မဓိဋ္ဌာန်မေးခွန်း၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်း၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မေးခွန်းရှည်နဲ့ (၅) ညာဏ်စမ်းမေးခွန်းတို့ဖြစ်ပါတယ်။ မေးထားတဲ့ မေးခွန်း(၆)ပုဒ်မှာ အပိုင်း(က)မှာ ပါဝင်တဲ့ မေးခွန်းနံပါတ် (၁)နဲ့ မေးခွန်းနံပါတ် (၂)က မဖြေမနေရဖြေရမယ့် မေးခွန်းများဖြစ်ပြီး အပိုင်း(ခ)မှာပါဝင်တဲ့ မေးခွန်း(၄)ပုဒ်မှာ နှစ်သက်ရာ(၃)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်တဲ့အတွက် စုစုပေါင်းမေးခွန်း(၅)ပုဒ်ဖြေဆိုရမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းဖြေဆိုပုံဖြေဆိုနည်း

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာမှာပါဝင်တဲ့ မေးခွန်း(၆)ပုဒ်ကို ဖြေဆိုတဲ့အခါ မည်ကဲ့သို့ ဖြေဆိုရမည်ဆိုတာကို မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းသွားပါမယ်။

မေးခွန်းနံပါတ်(၁က)ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်တဲ့ မှား/မှန်မေးခွန်းကိုဖြေဆိုတဲ့အခါမှာ မေးခွန်းကို သေသေချာချာဖတ်ပြီး သဘောပေါက်နားလည်အောင်စဉ်းစားပြီးမှ မှား သို့မဟုတ် မှန် လို့ဖြေဆိုရမယ်။ အဖြေမှန်အောင် ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကျေညက်အောင်ဖတ်ရှုလေ့လာ မှတ်သားရန်လိုပါတယ်။ ဥပမာ-တစ်ခုပေးပါမယ်။ ‘ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေး မူရင်းအမှတ်မှခုံးနေခြင်းသည် ကျဆင်းနေသောအခွင့်အလမ်းစရိတ်ကြောင့်ဖြစ်သည်။’ ဟုမေးထားပြီး မှား/မှန် ဖြေဆိုခိုင်းလျှင် အဖြေမှန်မှာ‘မှား’ဖြစ်ပါတယ်။ အဘယ်ကြောင့် ‘မှား’ လဲဆိုတာကို ပြဋ္ဌာန်းစာအုပ်ရဲ့အခန်း(၁) အပိုင်း၁-၄ မှာ ‘ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေး မူရင်း အမှတ်မှ ခုံးနေခြင်းသည် တိုးတက်နေသော အခွင့်အလမ်းစရိတ်သဘောကိုဖော်ပြသည်’ ဟုဖော်ပြထားကြောင်း တပည့်တို့ သတိပြုနိုင်ပါတယ်။ ဒါကြောင့် မေးထားတဲ့မေးခွန်းအတွက် အဖြေမှာ ‘မှား’ လို့ ဖြေဆိုရမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၁ခ) ကွက်လပ်ဖြည့်မေးခွန်းကို ဖြေဆိုနိုင်ရန်လည်း ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကုန် ကျေညက်အောင်ဖတ်ရှုလေ့လာမှတ်သားထားဖို့လိုပါတယ်။ပေးထားတဲ့စာကြောင်းရဲ့ ကွက်လပ်ထဲမှာ တိကျတဲ့စကားလုံးများကို ရေးသားဖြည့်စွက်ရမှာဖြစ်ပါတယ်။ ဥပမာတစ်ခုပေးပါမယ်။ ‘ကုန်စည်တစ်ခုကို ရယူသုံးစွဲခြင်းကြောင့် အခြားကုန်စည်တစ်ခု၏ အသုံးဝင်မှုကိုပိုမို တိုးတက်ကောင်းမွန်စေလျှင် ၎င်းတို့ကို ------ များဟုခေါ်ပါသည်။’ ဟုမေးထားလျှင် ကွက်လပ်ဖြည့်ရမည့်စကားလုံးမှာ ‘တွဲဖက်ကုန်စည်’ ဖြစ်ပါတယ်။

မေးခွန်းနံပါတ် (၁ဂ) မှရွေးချယ်မှု မေးခွန်းကိုဖြေဆိုနိုင်ရန်လည်းဖြေဆိုရာတွင်အဖြေမှန်ဖြစ်သည့် စာစုကိုသာဖြေဆိုရပြီး မေးခွန်းစာကြောင်းကို ပြန်လည်ကူးပေးရန်မလိုပါ။ ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကုန် ကျေညက်အောင်ဖတ်ရှုလေ့လာမှတ်သားထားရန်လိုပါသည်။ ဥပမာ “လူ့အဖွဲ့အစည်းအားလုံး၏ အခြေခံစီးပွားရေး ပြဿနာမှာ (က) အင်အားစုခွဲဝေမှုပြဿနာ (ခ) ကုန်စည်ထုတ်လုပ်မှုပြဿနာ (ဂ) လုပ်ငန်းဆုံးရှုံးမှုပြဿနာဖြစ်သည်။” ဟု မေးထားလျှင် ဖြေဆိုရမည့် အဖြေမှန်မှာ (က) ဖြစ်ပြီး ယင်းကိုပြဋ္ဌာန်းစာအုပ်၏အခန်း(၁) အပိုင်း၁-၃တွင် ဖော်ပြထားပါသည်။ ဤမေးခွန်းတွင်လည်း အဖြေမှန်(က) သို့မဟုတ်(ခ) သို့မဟုတ်(ဂ) ကိုသာဖြေရန်ဖြစ်ပြီး မေးခွန်းစာကြောင်းပြန်ကူးရန်မလိုပါ။ တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းအပိုင်း (က)တွင် မေးထားသည့်မေးခွန်းနံပါတ်(၁)အတွက် အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီမှ ထုတ်ဝေထားသည့် ဒသမတန်းဘောဂဗေဒဖတ်စာအုပ်တွင် သင်ခန်းစာအခန်းတိုင်း၏အဆုံး၌ ထိုမေးခွန်းပုံစံများကို လေ့ကျင့်ရန်ပေးထားသည်များကိုလေ့လာနိုင်ပါသည်။

မေးခွန်းနံပါတ် (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းမှာ ပေးထားတဲ့ဝေါဟာရများ၏ အဓိပ္ပာယ်ဖွင့်ဆိုတဲ့ အခါ ပြဋ္ဌာန်းစာအုပ်တွင် ဖော်ပြထားသောအဓိပ္ပာယ်ဖွင့်ဆိုချက်များကိုသာရေးသားရမယ်။ အဓိပ္ပာယ်ပြည့်စုံအောင်ရေးမှ အမှတ်ပြည့် ရမှာဖြစ်ပါတယ်။ ဥပမာ- ‘ချက်လက်မှတ်’ကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာလည်း ‘ချက်လက်မှတ်ဆိုသည်မှာ လက်မှတ်ပေါ်တွင် ရေးသားထားသောငွေကို လက်ခံရရှိမည့်သူသို့ ဘဏ်မှထုတ်ပေးရန်ရေးသားထားသော ညွှန်ကြားချက်ဖြစ်သည်။’ ဟုဖြေဆိုလျှင် အမှတ်ပြည့်ရမည် မဟုတ်ပါ။ ‘ချက်လက်မှတ်ဆိုသည်မှာ လက်မှတ်ပေါ်တွင် ရေးသားထားသော ငွေပမာဏကို လက်ခံရရှိမည့်သူသို့ ဘဏ်မှထုတ်ပေးရန် ရေးသားထားသော ညွှန်ကြားချက်တစ်ရပ်ပင်ဖြစ်သည်။’ ဟုဖြေဆိုလျှင်အမှတ်ပြည့်ရမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၃)၊ (၄)၊ (၅)မှ မေးခွန်းရှည် သို့မဟုတ် မှတ်စုတို နှစ်ပုဒ်ကို ရွေးချယ်ဖြေဆိုရာတွင် မေးခွန်းမှာပါရှိတဲ့ အကြောင်းအရာနဲ့ပတ်သက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပထမရေးပြီးမှ ရှင်းလင်းချက်များကို ဆက်ရေးရမှာဖြစ်ပါတယ်။ ဥပမာ-ဝယ်လိုအား၏အပြန်အလှန် အလျော့အတင်းကိုမှတ်စုရေးသားဖြေဆိုမည်ဆိုလျှင် ပထမဦးစွာ ဝယ်လိုအား၏ အပြန်အလှန် အလျော့အတင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖော်ပြပြီး ပုံသေနည်း၊ အလျော့အတင်းလက္ခဏာ (၃)မျိုး၊ ဆက်စပ်မှုရှင်းလင်းချက်ဥပမာတွေနဲ့ ရှင်းပြရမှာဖြစ်ပါတယ်။

မေးခွန်းရှည်ဖြေဆိုပုံမှာ ဥပမာ တစ်ခုပေးရမယ်ဆိုလျှင် အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုနည်းလမ်းများကို ပြည့်စုံစွာရှင်းပြပါ ဟုမေးထားလျှင် ပထမဦးစွာ အပြည်ပြည်ဆိုင်ရာငွေပေးချေမှု နည်းလမ်းဘာကြောင့်လိုသလဲကို ရှင်းပြပြီးမှ အပြည်ပြည်ဆိုင်ရာငွေပေးချေမှုနည်းလမ်းများကို ဆက်လက်ရှင်းပြရမှာ ဖြစ်ပါတယ်။ ဥပမာတစ်ခုပေးရမယ်ဆိုလျှင် စီးပွားရေးစနစ်အမျိုးမျိုးကို ရှင်းလင်းဖြေဆိုပါဟုမေးထားလျှင် ပထမဦးစွာ ဈေးကွက်စီးပွားရေးစနစ်၊ ဗဟိုစီမံကိန်းချ စီးပွားရေးစနစ်၊ ရောပြွမ်းစီးပွားရေးစနစ်ဟု စီးပွားရေစနစ်(၃)မျိုးကို ဖော်ပြပြီးမှ ယင်းစီးပွားရေးစနစ်တစ်ခုချင်း၏ အဓိပ္ပာယ်သတ်မှတ်ချက် ဖော်ပြပြီး ရှင်းလင်းဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၃)၊ (၄)၊ (၅)တို့မှာ ပြဋ္ဌာန်းစာအုပ်ပါ အခန်း (၁)မှ အခန်း (၆)ထိ အကြောင်းအရာများကို မေးခွန်းတစ်ပုဒ်လျှင် သီးသန့်အခန်းတစ်ခန်းမှ မေးထားခြင်းမဟုတ်ဘဲ အခန်း(၁) မှ (၆) အထိ အကြောင်းအရာများကိုရောမေးထားနိုင်ပါတယ်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ မေးခွန်းနံပါတ် (၆) ကို အထူးရှင်းပြလိုပါတယ်။ မေးခွန်းနံပါတ် (၆)ကို (က)၊ (ခ)၊ (ဂ) ခွဲထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်တယ်။ မေးခွန်းများမှာ ပေးထားတဲ့ ကိန်းဂဏန်းအချက်အလက်များကို အခြေခံပြီး မျဉ်းကွေးများ/ပုံများဆွဲခြင်း၊ တွက်ချက်ပြီးရရှိတဲ့အဖြေများကို သုံးသပ်ခြင်းများပြုလုပ်ရမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ ပေးထားတဲ့ ကိန်းဂဏန်းများကို အခြေခံပြီး မျဉ်းကွေးများ ရေးဆွဲခိုင်းပါက တိကျမှန်ကန်စွာ ရေးဆွဲရမှာဖြစ်ပါတယ်။ ဥပမာ-နိုင်ငံတစ်နိုင်ငံရဲ့ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကို ပေးထားတဲ့ ထုတ်လုပ်နိုင်မှုအခြေပြဇယားမှ ရေးဆွဲခိုင်းတယ် ဆိုပါစို့။ ပေးထားတဲ့ ထုတ်လုပ်နိုင်မှု အခြေပြဇယားက နိုင်ငံမှာရှိတဲ့ အင်အားစုတွေနဲ့ ထုတ်နိုင်တဲ့ ဆန်နှင့်အထည်အတွဲများကို ဖော်ပြထားလျှင် ဒီဇယားမှ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကို ရေးဆွဲနိုင်ဖို့ ပထမဦးစွာ ဖော်ပြထားတဲ့ ကုန်စည်နှစ်မျိုး (ဆန်နှင့် အထည်) ကို ဒေါင်လိုက်ဝင်ရိုးမှာ ကုန်စည်တစ်မျိုး (ဥပမာ-မတ်ပဲ(တင်း)၊ အလျားလိုက်ဝင်ရိုးမှာ ကုန်စည်တစ်မျိုး (ဥပမာ-အထည်(ကိုက်))ကို စကေးတိတိကျကျမှန်မှန်ကန်ကန်သတ်မှတ်ပြီး ဝင်ရိုးနှစ်ခုရေးဆွဲရပါမယ်။ ဥပမာ - ဒေါင်လိုက်ဝင်ရိုးမှာ မတ်ပဲကို တစ်စင်တီမီတာလျှင် (၁၀)တင်း၊ အလျားလိုက်ဝင်ရိုးမှာ အထည်ကို တစ်စင်တီမီတာလျှင် (၁၀)ကိုက်ဟူ၍ သတ်မှတ်ရပါမယ်။

ထုတ်လုပ်နိုင်မှုအခြေပြဇယား

အမှတ်စဉ်	မတ်ပဲ(တင်း)	အထည်(ကိုက်)
က	၈၀	၀
ခ	၆၀	၄၀
ဂ	၄၀	၇၀
ဃ	၂၀	၉၀
င	၀	၁၀၀

ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေး



ဝင်ရိုးနှစ်ခုကို စကေးမှန်ကန်စွာ ရေးဆွဲပြီးမှ ဇယားမှာပေးထားတဲ့ ကုန်စည်ပမာဏ အတွဲများကို ဂရပ်ပေါ်မှာ မှတ်သားရပါမယ်။ မှတ်သားထားတဲ့ အမှတ်များကို ဆက်လိုက်လျှင် ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကိုရမယ်။ ရေးဆွဲထားတဲ့ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးပေါ်မှာ ကုန်စည်ပမာဏအတွဲများကို အမှတ်စဉ် က၊ ခ၊ ဂ၊ ဃ၊ င လို့မှန်မှန်ကန်ကန်ဖော်ပြရမယ်။ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကိုရေးဆွဲခိုင်းလျှင်ရေးဆွဲတဲ့အဆင့်တိုင်းအတွက် အမှတ်ပေးတယ်ဆိုတာကို တပည့်တို့ သိစေလိုပါတယ်။ ဖော်ပြသွားတဲ့အတိုင်း မရေးဆွဲ၊ မမှတ်သားခဲ့လျှင် အမှတ်ပြည့်ရနိုင်မှာ မဟုတ်ပါ။ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးပေါ်ရှိ အမှတ်တစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့ထုတ်လုပ်ခြင်းဟာ ကုန်စည်တစ်ခုကို တိုးထုတ်ဖို့ နောက်ကုန်စည်တစ်မျိုးကို လျှော့ထုတ်ရမယ်ဆိုတဲ့ဘောဂဗေဒဘာသာရပ်ရဲ့ အရေးကြီးတဲ့ အခွင့်အလမ်းစရိတ်သဘောတရားများကိုဖော်ပြတယ်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❁

❁ *စာမျက်နှာ ၁၅ မှ*

ကုန်စည်တစ်ခုရဲ့အခွင့်အလမ်းစရိတ်က ယင်း ကုန်စည်တစ်ယူနစ်တိုးထုတ်ဖို့ စွန့်လွှတ်လိုက်ရတဲ့ အခြားကုန်စည်ပမာဏဖြစ်တယ်။

ဥပမာ- အထည်ကို အမှတ်(ခ)မှအမှတ်(ဂ)သို့ တိုးထုတ်လုပ်ပါကအထည်၏ အခွင့်အလမ်းစရိတ်ကို တွက်ပါလို့မေးထားလျှင်

အမှတ် (ခ)တွင် မတ်ပဲ ၆၀ တင်းနှင့် အထည် ၄၀ ကိုက်

အမှတ် (ဂ)တွင် မတ်ပဲ ၄၀ တင်းနှင့် အထည် ၇၀ ကိုက်

အထည်ကိုအမှတ်(ခ)မှအမှတ်(ဂ)သို့တိုးထုတ်လုပ်ပါက အထည်၏အခွင့်အလမ်းစရိတ်?

အထည်၏အခွင့်အလမ်းစရိတ်= $\frac{\Delta R}{\Delta C}$၊

မတ်ပဲ = R၊ အထည် = C၊ ပြောင်းလဲမှု = Δ ဟုသတ်မှတ်လျှင်

အထည်၏ အခွင့်အလမ်းစရိတ် = $\frac{\Delta R}{\Delta C}$

ပြောင်းလဲသွားသောမတ်ပဲပမာဏ ΔR = ၄၀ - ၆၀ = -၂၀ တင်း

ပြောင်းလဲသွားသောအထည်ပမာဏ ΔC = ၇၀ - ၄၀ = ၃၀ ကိုက်

အထည်၏ အခွင့်အလမ်းစရိတ် = $\frac{\Delta R}{\Delta C}$

= -၂၀/ ၃၀

= - ၀. ၆၇

အခွင့်အလမ်းစရိတ်က အနုတ်လက္ခဏာဖြစ်နေခြင်းဟာ အထည်ကိုတိုးထုတ်ဖို့မတ်ပဲကို လျှော့ထုတ်ရတဲ့သဘောကို ဖော်ပြပါတယ်။

အခန်း(၂)မှာ ဝယ်လိုအားနှင့်ရောင်းလိုအားဆန်းစစ်မှုအခြေခံမှုအခန်းမှ ကုန်စည်များ၏ အချက်အလက်များပေးထားပြီး ဝယ်လိုအားနှင့်ရောင်းလိုအားမျဉ်းများရေးဆွဲ၍ အားမျှအရေအတွက်နှင့် ဈေးနှုန်းအပေါ် အကျိုးသက်ရောက်ပုံကို တွက်ချက်သုံးသပ်ခိုင်း နိုင်ပါတယ်။

ဥပမာ(၁)-သီးနှံဖျက်ပိုးကျခြင်းကြောင့် မတ်ပဲဈေးကွက်၏အားမျှအခြေအနေပေါ် အကျိုးသက်ရောက်ပုံကို ပုံဆွဲ၍ဝေဖန်သုံးသပ်ပါ။

သီးနှံဖျက်ပိုးကျခြင်းကြောင့် ယေဘုယျအားဖြင့် မတ်ပဲအထွက်(ထုတ်လုပ်မှု)ကိုလျော့စေမည်ဖြစ်သည်။ ထို့ကြောင့် မတ်ပဲထုတ်လုပ်မှုလျော့နည်းခြင်းသည်မတ်ပဲရောင်းလိုအားကိုလျော့စေမည်ဖြစ်ရာ ဝယ်လိုအားမပြောင်းလဲသည့်အခြေအနေတွင် ရောင်းလိုအားလျော့နည်းသွားခြင်းကြောင့် ဈေးကွက်တွင် အားမျှဈေးနှုန်းမြင့်တက်လာပြီး အရောင်းအဝယ်ပြုလုပ်သောအားမျှကုန်စည်အရေအတွက်လျော့သွားမည်ဖြစ်သည်။

သီးနှံ ဖျက်ပိုးကျခြင်းကြောင့်မတ်ပဲဈေးကွက်အပေါ်အကျိုးသက်ရောက်ပုံ



ပုံတွင် DD သည် မူလဝယ်လိုအားမျဉ်းကွေး၊ SS သည် မူလရောင်းလိုအားမျဉ်းကွေး ဖြစ်သည်။ DD နှင့် SS ဖြတ်ရာ အမှတ် E သည် မူလအားမျှခြေအမှတ်ဖြစ်၍ မူလအားမျှ ဈေးနှုန်းသည် OP_0 ဖြစ်ပြီး မူလအားမျှမတ်ပဲအရေအတွက်သည် OQ_0 ဖြစ်သည်။ သို့ရာတွင် သီးနှံဖျက်ပိုးကျခြင်းကြောင့် မတ်ပဲဈေးကွက် မူလရောင်းလိုအားမျဉ်းကွေးသည် လက်ဝဲဘက်သို့ ပြောင်းရွှေ့သွားပြီး ရောင်းလိုအားမျဉ်းကွေးအသစ် S_1S_1 ကို ဖြစ်ပေါ်စေသည်။S_1S_1 သည် DD မျဉ်းကွေးကို အမှတ် E_1 တွင်ဖြတ်၍ အားမျှဈေးနှုန်းအသစ် OP_1 နှင့် အားမျှမတ်ပဲအရေအတွက် OQ_1 ကို ဖြစ်ပေါ်စေမည်။ ဤတွင် ဈေးနှုန်း OP_1သည် ဈေးနှုန်း OP_0 ထက်များပြီး မတ်ပဲအရေအတွက် OQ_1 သည်လည်း OQ_0 ထက်နည်းကြောင်းတွေ့ရှိရပါသည်။

အခန်း(၂)မှာ ဝယ်လိုအားအလျော့အတင်းကို ကိန်းဂဏန်းပေးထားပြီး တွက်ချက်သုံးသပ် ခိုင်းနိုင်သေးတယ်။ ဥပမာ- မေးခွန်းက ဆန်ဈေးကွက်တွင် ဆန်ဈေးနှုန်းသည် တစ်တင်းလျှင် ကျပ်(၅၀၀၀)မှ ကျပ်(၆၀၀၀)သို့ တက်သွားသောအခါ ဆန်ဝယ်ယူမည့်အရေအတွက်မှာ တင်း(၁၀၀)မှ တင်း(၉၀)သို့ လျော့သွားပါက ဆန်ဈေးနှုန်း ကျပ် (၆၀၀၀)ရှိ ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းကို တွက်ချက်သုံးသပ်ပါဟု မေးထားလျှင် ဆန်၏ ဝယ်လိုအား အလျော့အတင်းသည် ဆန်ဝယ်ယူမည့်အရေအတွက်ပြောင်းလဲမှုရာခိုင်နှုန်းကို ဆန်ဈေးနှုန်း ပြောင်းလဲမှုရာခိုင်နှုန်းနဲ့ စားခြင်းဖြင့် ရနိုင်ပါတယ်။

ဆန်ဝယ်ယူမည့်အရေအတွက်ပြောင်းလဲမှုရာခိုင်နှုန်းကိုတွက်သည့်အခါ (ပြောင်းလဲသွားတဲ့အရေအတွက် - မူလအရေအတွက်) ÷ (မူလအရေအတွက်) × (၁၀၀)ဖြင့်တွက်ချက်ရမယ်။ တစ်နည်းအားဖြင့် (၉၀-၁၀၀) ÷ (၁၀၀) × (၁၀၀)= -၁၀% ဖြစ်မယ်။ ဆန်ဈေးနှုန်းပြောင်းလဲမှုရာခိုင်နှုန်းကိုတွက်ရာတွင်လည်း (ပြောင်းလဲသွားတဲ့ ဈေးနှုန်း - မူလဈေးနှုန်း) ÷ (မူလဈေးနှုန်း) × (၁၀၀)ဖြင့် တွက်ချက်ရမယ်။ တစ်နည်းအားဖြင့် (၆၀၀၀-၅၀၀၀) ÷ (၅၀၀၀) × (၁၀၀) = ၂၀% ရမယ်။

ဒါကြောင့် ဆန်ဈေးနှုန်း ကျပ်(၆၀၀၀)ရှိ ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်းကို တွက်ရာတွင် (-၁၀%) ÷ (၂၀%) = - ၀. ၅ ဖြစ်တယ်။

ရရှိတဲ့အဖြေကိုသုံးသပ်ရာမှာ ဝယ်လိုအား အလျော့အတင်းဟာ တစ်ထက်ကြီးသလား။ တစ်ထက်နည်းသလားဆိုတာကိုကြည့်ရမယ်။ တစ်ထက်ကြီးလျှင် ဝယ်လိုအားအလျော့အတင်းများတယ်။ တစ်ထက်ငယ်နေလျှင် ဝယ်လိုအားအလျော့အတင်းနည်းတယ်လို့ ပြောရမယ်။

အခု တွက်ချက်ထားတဲ့ ဆန်ရဲ့ဝယ်လိုအား အလျော့အတင်းက (၀. ၅) ဖြစ်ပြီး တစ်ထက်နည်းတဲ့အတွက် ဆန်ရဲ့ဝယ်လိုအား အလျော့အတင်းနည်းတယ်လို့ သုံးသပ်ရမှာဖြစ်တယ်။

အခန်း (၃) တိုင်းပြည်ဝင်ငွေနဲ့ ပတ်သက်ပြီး နိုင်ငံတစ်နိုင်ငံရဲ့ တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများပေးထားပြီး စုစုပေါင်းပြည်တွင်းထုတ်ကုန် GDP၊ စုစုပေါင်း တိုင်းပြည်ထုတ်ကုန် GNP၊ အသားတင် တိုင်းပြည်ထုတ်ကုန် NNP ကို တွက်ခိုင်းတဲ့မေးခွန်း မေးနိုင်ပါတယ်။

ယင်းတို့ကို တွက်နိုင်ဖို့ တိုင်းပြည်ဝင်ငွေတွက်ချက်နည်းသုံးနည်း တစ်နည်းအားဖြင့် အသုံးစရိတ်နည်း၊ ကုန်ထွက်နည်းနှင့် ဝင်ငွေနည်းတို့ကို သေသေချာချာ မှတ်သားထားဖို့ လိုပါတယ်။ သတိပြုရမည့်အချက်တစ်ချက်မှာ ပေးထားသော ကိန်းဂဏန်းများသည်ကျပ်သန်းပေါင်းဖြင့် မေးထားသည်ဆိုပါက ကျပ်သန်းပေါင်းထည့်ပေးရန်လိုပါသည်။ ကျပ်သန်းပေါင်းမထည့်ပါက အဖြေမှန် ထွက်ရှိနေသော်လည်း အမှတ်ပြည့်ရနိုင်မည်မဟုတ်ပါ။

ဥပမာ နိုင်ငံတစ်နိုင်ငံ၏၂၀၀၄ ခုနှစ်အတွက်တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများကို ၁၉၉၆ခုနှစ် ပုံသေဈေးနှုန်းများအရ အောက်ပါဇယားတွင် ဖော်ပြထားသည်။

အကြောင်းအရာ	ကျပ်သန်းပေါင်း
စားသုံးမှုတန်ဖိုး	၃၅၉၅၈
ရင်းနှီးမြှုပ်နှံမှုတန်ဖိုး	၁၂၆၃၅
အစိုးရအသုံးစရိတ်	၂၃၅၇၅
ပို့ကုန်တန်ဖိုး	၆၅၂၈
သွင်းကုန်တန်ဖိုး	၅၁၀၆
နိုင်ငံခြားသို့အသားတင်ပေးရသောဝင်ငွေ	-၂၂၂
ပြုန်းတီးမှုတန်ဖိုး	၆၃၈၂

စုစုပေါင်းပြည်တွင်းထုတ်ကုန်၊ စုစုပေါင်းတိုင်းပြည်ထုတ်ကုန်၊အသားတင်တိုင်းပြည်ထုတ်ကုန် တို့ကိုတွက်ချက်ပါ။

(၁) စုစုပေါင်း ပြည်တွင်းထုတ်ကုန် =

စားသုံးမှုတန်ဖိုး + ရင်းနှီးမြှုပ်နှံမှုတန်ဖိုး+အစိုးရအသုံးစရိတ် + ပို့ကုန်တန်ဖိုး-သွင်းကုန်တန်ဖိုး

၃၅၉၅၈ + ၁၂၆၃၅ + ၂၃၅၇၅ + ၆၅၂၈ - ၅၁၀၆ = ၇၃၅၉၀ ကျပ်သန်းပေါင်း

(၂) စုစုပေါင်းတိုင်းပြည်ထုတ်ကုန် = စုစုပေါင်းပြည်တွင်းထုတ်ကုန် - နိုင်ငံခြားသို့အသားတင်ပေးရသောဝင်ငွေ

= ၇၃၅၉၀ - (- ၂၂၂)

= ၇၃၈၁၂ ကျပ်သန်းပေါင်း

(၃) အသားတင်တိုင်းပြည်ထုတ်ကုန် = စုစုပေါင်းတိုင်းပြည်ထုတ်ကုန် - ပြုန်းတီးမှုတန်ဖိုး

= ၇၃၈၁၂ - ၆၃၈၂

= ၆၇၄၃၀ ကျပ်သန်းပေါင်း

အခန်း(၄)ငွေကြေးနှင့် ဘဏ်လုပ်ငန်းတွင်စားသုံးသူများ၏ ဈေးဆနှုန်းကိန်းတွက်ချက်မှုနှင့် ပတ်သက်ပြီး ဈေးဆနှုန်းကိန်းပြောင်းလဲသည့်အတွက် စားသုံးကုန်စည်တို့၏ ဈေးနှုန်းမည်မျှပြောင်းလဲသွားသည်ကို တွက်ချက်သည့်မေးခွန်းများကိုလည်း သေသေချာချာ မှတ်သားထားဖို့လိုပါတယ်။ ထို့ပြင် ငွေကြေးအရေအတွက် သီအိုရီမှ ငွေကြေးလှည့်ပတ်မှုအရှိန်၊ ငွေကြေးပမာဏ၊ အထွေထွေဈေးနှုန်းအဆင့်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ အပေးအယူပြုလုပ်မှုပမာဏ စသည်တို့ကို ရှာခိုင်းသော မေးခွန်းများကိုလည်း လေ့လာထားရန်လိုအပ်ပါတယ်။

အခန်း(၅)ပြည်သူ့ဘဏ္ဍာရေးအခန်းမှလည်း အိမ်ထောင်စုများ၏ ဝင်ငွေနှင့် ဝင်ငွေခွန်ပေးဆောင်ရသည့်ပမာဏတို့ကိုပေးထားပြီး အခွန်နှုန်းတွက်ချက်သည့်မေးခွန်းမျိုးလည်းမေးနိုင်ပါတယ်။

ဥပမာ။ ။အိမ်ထောင်စု ၃ စု ၏ဝင်ငွေနှင့်ဝင်ငွေခွန်ပေးဆောင်ရသည့်ပမာဏကို ဖော်ပြထားသည်။

အိမ်ထောင်စု	ဝင်ငွေ (ကျပ်/လ)	ဝင်ငွေခွန်ပမာဏ(ကျပ်)	အခွန်နှုန်း
က	၅၀၀၀၀	၅၀၀	-
ခ	၈၀၀၀၀	၁၀၀၀	-
ဂ	၁၀၀၀၀၀	၂၀၀၀	-

(က) အိမ်ထောင်စုတစ်ခုစီအတွက်အခွန်နှုန်းကိုတွက်ပါ။

(ခ) ဝင်ငွေခွန်သည် မည်သည့်အခွန်စည်းကြပ်မှုပုံသဏ္ဌာန်ဖြစ်သနည်း။

(က) အိမ်ထောင်စု "က"၏အခွန်စည်းကြပ်မှုနှုန်း = $\frac{\text{အိမ်ထောင်စု ‘က’ ပေးဆောင်ရမည့်အခွန်ပမာဏ}}{\text{အိမ်ထောင်စု ‘က’ ၏နှစ်စဉ်ဝင်ငွေ}}$ x ၁၀၀

= $\frac{၅၀၀}{၅၀၀၀၀}$ x ၁၀၀ = ၁%

အိမ်ထောင်စု "ခ" ၏အခွန်စည်းကြပ်မှုနှုန်း = $\frac{\text{အိမ်ထောင်စု ‘ခ’ ပေးဆောင်ရမည့်အခွန်ပမာဏ}}{\text{အိမ်ထောင်စု ‘ခ’ ၏နှစ်စဉ်ဝင်ငွေ}}$ x ၁၀၀

= $\frac{၁၀၀၀}{၈၀၀၀၀}$ x ၁၀၀ = ၁. ၂၅ %

အိမ်ထောင်စု "ဂ"၏အခွန်စည်းကြပ်မှုနှုန်း = $\frac{\text{အိမ်ထောင်စု‘ဂ’ပေးဆောင်ရမည့်အခွန်ပမာဏ}}{\text{အိမ်ထောင်စု‘ဂ’၏နှစ်စဉ်ဝင်ငွေ}}$ x ၁၀၀

= $\frac{၂၀၀၀}{၁၀၀၀၀၀}$ x ၁၀၀ = ၂ %

(ခ) အိမ်ထောင်စု‘က’၏ဝင်ငွေ ၅၀၀၀၀ ကျပ်အတွက် အခွန်စည်းကြပ်မှုနှုန်း မှာ ၁%၊
အိမ်ထောင်စု‘ခ’ ၏ဝင်ငွေ ၈၀၀၀၀ ကျပ်အတွက် အခွန်စည်းကြပ်မှုနှုန်း မှာ ၁. ၂၀% နှင့်
အိမ်ထောင်စု ‘ဂ’ ၏ဝင်ငွေ ၁၀၀၀၀၀ ကျပ်အတွက် အခွန်စည်းကြပ်မှုနှုန်း မှာ ၂% ဖြစ်တယ်။

ထို့ကြောင့် အိမ်ထောင်စုအသီးသီးအတွက် အခွန်စည်းကြပ်မှုနှုန်းအသီးသီး ကိုလေ့လာကြည့်ပါက ဝင်ငွေမြင့်မားသော အိမ်ထောင်စုအပေါ် စည်းကြပ်သောအခွန်နှုန်းသည် ဝင်ငွေနိမ့်သော အိမ်ထောင်စုပေါ် စည်းကြပ်သောအခွန်နှုန်းထက်များသည်ကိုတွေ့ရသည်။ အထက်ပါ အခွန်စည်းကြပ်မှု ပုံသဏ္ဌာန်ဟာ ဝင်ငွေအဆင့်မြင့်မားလာသည်နှင့်အမျှ အခွန်စည်းကြပ်မှုနှုန်းလည်း များလာတာကြောင့် နှုန်းတိုးခွန်ဖြစ်သည်ဟုသုံးသပ်ဖြေဆိုရမှာဖြစ်တယ်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❖

❖ *စာမျက်နှာ ၁၆ မှ*

အခန်း(၆)အပြည်ပြည်ဆိုင်ရာစီးပွားရေးဆက်သွယ်မှုနှင့် ပတ်သက်ပြီး ကုန်ဖလှယ်မှုအချိုးနှင့် ပတ်သက်၍ တွက်ချက်တဲ့ မေးခွန်းလည်းမေးနိုင်ပါတယ်။ ပြဋ္ဌာန်းစာအုပ်ပါ ကုန်ဖလှယ်မှုအချိုးတွက်ချက်မှုများကို သေသေချာချာ မှတ်သားထားဖို့လိုပါတယ်။

ဥပမာအားဖြင့်(က)(၁) ၂၀၀၂-၂၀၀၃ ခုနှစ်အတွင်း နိုင်ငံတစ်နိုင်ငံ၏ ပို့ကုန်စျေးဆန္ဒန်းကိန်းမှာ ၈၅.၇ ဖြစ်၍ သွင်းကုန်စျေးဆန္ဒန်းကိန်းမှာ ၈၂.၂ ဖြစ်ခဲ့လျှင် ထိုနှစ်အတွက် ၎င်းနိုင်ငံ၏ ကုန်ဖလှယ်မှုအချိုးကို တွက်ချက်သုံးသပ်ပြပါ။ (၂) အကယ်၍ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ထိုနိုင်ငံ၏ သွင်းကုန်စျေးဆန္ဒန်းကိန်းမှာ ၈၆.၃ သို့ဖြင့် တက်လာပါက ထိုနှစ်အတွက် ကုန်ဖလှယ်မှုအချိုးကို တွက်ချက်သုံးသပ်ပြပါဟု ပေးထားလျှင် ပထမဦးစွာ ၂၀၀၂-၂၀၀၃ ခုနှစ်အတွက် ကုန်ဖလှယ်မှုအချိုးကို တွက်ချက်ရပါမယ်။ တွက်ချက်သည့်အခါ ပေးထားချက်များဖြစ်သည့်-

၂၀၀၂-၂၀၀၃ ခုနှစ်အတွက်ပို့ကုန်စျေးဆန္ဒန်းကိန်း = ၈၅.၇

သွင်းကုန်စျေးဆန္ဒန်းကိန်း = ၈၂.၂ ရေးပြီး

ပိုကုန်စျေးဆန္ဒန်းကိန်း

ပုံသေနည်းဖြစ်သည့် ကုန်ဖလှယ်မှုအချိုး = ------------------- × ၁၀၀ တွင်

သွင်းကုန်စျေးဆန္ဒန်းကိန်း

၈၅.၇

အစားသွင်းခြင်းဖြင့်တွက်ချက်နိုင်ပါသည်။ ------- × ၁၀၀ = ၁၀၄.၃ အဖြေထွက်ခဲ့လျှင်

၈၂.၂

ယင်းအဖြေကို သုံးသပ်ပြရမည်။ ၂၀၀၂-၂၀၀၃ ခုနှစ်အတွက်ပေးထားသော နိုင်ငံ၏ကုန်ဖလှယ်မှု အချိုးများ တိုးတက်လာပြီး ထိုနိုင်ငံအတွက် အခွင့်သာစေပါသည်ဟုသုံးသပ်နိုင်ပါသည်။ ဆက်လက်၍ ၂၀၀၃-၂၀၀၄ ခုနှစ်အတွက် ကုန်ဖလှယ်မှုအချိုးကို ဆက်လက်တွက်နိုင်ပါတယ်။

၂၀၀၃-၂၀၀၄ ခုနှစ်အတွက် ပို့ကုန်စျေးဆန္ဒန်းမှာ = ၈၅.၇

သွင်းကုန်စျေးဆန္ဒန်းမှာ = ၈၆.၃

ပို့ကုန်စျေးဆန္ဒန်းကိန်း

ကုန်ဖလှယ်မှုအချိုး = ------------------- × ၁၀၀

သွင်းကုန်စျေးဆန္ဒန်းကိန်း

၈၅.၇

= ------ × ၁၀၀ = ၉၉.၃

၈၆.၃

ယင်းတွက်ထားသောအဖြေကို သုံးသပ်ပြရမည်ဆိုပါက ၂၀၀၃-၂၀၀၄ခုနှစ်အတွက် ကုန်ဖလှယ်မှုအချိုး ကျဆင်းသွားသောကြောင့် ထိုနိုင်ငံအတွက် အခွင့်မသာသောကုန်ဖလှယ်မှုအချိုးဖြစ်သည်ဟု သုံးသပ်နိုင်ပါသည်။

၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘောဂဗေဒဘာသာရပ်ဖြေဆိုမယ့် တပည့်များကို နောက်ဆုံးမှာကြားလိုတာကတော့ တက္ကသိုလ်ဝင်တန်းအတွက် ပြဋ္ဌာန်းထားတဲ့ ဒသမတန်း ဘောဂဗေဒစာအုပ်မှာပါတဲ့ အကြောင်းအရာသဘောတရားတွေကို ကောင်းစွာနားလည်သဘောပေါက်ပြီး ကျေညက်အောင်ဖတ်ရှုမှတ်သားထားပြီဆိုလျှင် တက္ကသိုလ်ဝင်စာမေးပွဲကို အခက်အခဲမရှိ ကောင်းစွာဖြေဆိုနိုင်မှာဖြစ်ပါတယ်။

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်ကိုဖြေဆိုကြမယ့်တပည့်တို့ အခက်အခဲမရှိ ဖြေဆိုနိုင်ကြပြီး လိုအင်ဆန္ဒများပြည့်ပါစေလို့ ဆုတောင်းရင်း ဒီပို့ချချက်ကို ရပ်နားလိုက်ပါတယ်။

ဝန်ထမ်းအလိုရှိသည်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင် ပဲခူးမြစ်အတွင်း နစ်မြုပ်လျက်ရှိသော ရွှေဟသ်ာကုန်တွဲအား ရောင်းချရန်အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးမြစ်၊ သန်လျင်တံတားရေလည်တိုင်အမှတ်-၆ အောက်ဘက် ကိုက် ၁၀၀ ခန့်အကွာတွင် နစ်မြုပ်ခဲ့သော ရွှေဟသ်ာကုန်တွဲရေယာဉ် (အလျားပေ ၁၅၀၊ အနံပေ ၅၀၊ ဇောက် ၁၀ ပေ)

၂။ အသေးစိတ်သိရှိလိုပါက ၁-၂-၂၀၁၂ ရက်မှ ၁၀-၂-၂၀၁၂ ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း အထွေထွေမန်နေဂျာ (သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်း) ဖုန်း-၀၁-၅၄၂၇၃၂ တွင် စုံစမ်းမေးမြန်းနိုင်ပြီး အိတ်ဖွင့်တင်ဒါပုံစံများကိုလည်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၆-၂-၂၀၁၂ ရက် နံနက် ၁၂ နာရီအတွင်း မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော် တင်ဒါရွေးချယ်ရေးအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

တင်ဒါရွေးချယ်ရေးအဖွဲ့

Certificate in Customer Services & Retail Selling

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၂၈၃)၊ မြေကွက်တည်နေရာအမှတ်(၂၈၃)၊ သုခလမ်း၊(၄၃)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်း(ဦးလှထွန်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှထွန်းကွယ်လွန်သဖြင့် ဒေါ်ခင်မြင့်[၁၂/ဥကတ(နိုင်)၀၈၄၃၂၆]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၅၃၁)၊ မြေကွက်တည်နေရာအမှတ်(၅၃၁)၊ ရွှေပြည်သာ(၄)လမ်း၊(၃၂) ရပ်ကွက်၊ ဒဂုံမြောက်ပိုင်း(ဦးကျော်လှိုင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်လှိုင် ကွယ်လွန်သဖြင့် ဒေါ်တင်ဆိုင် [၁၂/အလန(နိုင်)၀၀၃၆၈၀] က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်နှင့် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၃)၊ မြေကွက်အမှတ်(၅၀၀/က)၊ မြေကွက်တည်နေရာ အမှတ်(၅၀၀/က)၊ ရတနာပုံလမ်း၊ (၁၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ဦးဖုန်းနိုင်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးဖုန်းနိုင်[၁၂/မရက(နိုင်)၀၁၅၉၂၁]က မြေချပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ဌာနဝန်ခံကတိများတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ(၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

GOLD CAKE FOOD MANUFACTURING

Supervisor

Asst : Supervisor

Q.C

Operator

အလှပြင်သင်တန်း

* ညှပ်နည်းအမျိုးမျိုး၊ Digital ကောက်နှင့်ကောက်နည်းမျိုးစုံ၊ ဖြောင့်ခြင်း၊ မျက်နှာ၊ ဆံပင်ပိုင်းဆိုင်ရာ ဘာသာရပ်၊ (၂၀)မျိုး၊ မိတ်ကပ်၊ ဆံထုံးအမျိုးမျိုး၊ လက်သည်းပန်းချီ၊ 3D ကျောက်စီခြင်း၊ ထိုင်းရိုးရာ အကြောပိုင်းဆိုင်ရာ ပညာရပ်နှင့် အဆီချခြင်း၊ ခြေထောက်ပိုင်းဆိုင်ရာ ဘာသာရပ်၊ ပညာဒါနသဘောထားဖြင့် ပညာသင်စရိတ်လျှော့ပေါ့ယူပေးခြင်း (၁)သိန်း၊
* ဆိုင်ဖွင့်ချင်သူများနှင့် အလုပ်လုပ်ချင်သူများအတွက် ဘာသာစုံ တတ်ကျွမ်းနားလည်သည်အထိ တစ်ဦးချင်းစီလက်တွေ့သင်ကြားပေးသည်။ (ဆိုင်ဖွင့်သည်အထိကူညီဆောင်ရွက်ပေးသည်။)
* နယ်မှလာသူများကို အဆောင်စီစဉ်ပေးသည်။ သင်ထောက်ကူပစ္စည်းဝယ်စရာမလိုပါ။

Do Ko Mo ဖုန်းဆိုင်အပေါ်ထပ် "BONNY CARE"(Beauty Saloon) 52 (B)၊ ပထမထပ်၊ စံရိပ်ငြိမ်(၃/၄)လမ်းကြား၊ စံရိပ်ငြိမ်မှတ်တိုင်အနီး၊ လှည်းတန်း၊ ကမာရွတ်။

တာချီလိတ်မြို့ရှိ မြေကွက် ဝယ်လိုသည်။ (ပွဲစားမလို)

ဖုန်း-၀၉-၅၀၆၄၆၅၅၊ ၀၁-၅၃၂၂၁၂

HYUNDAI

၄၅ယောက်စီး၊ လေအိတ်
EXPRESS
အဆင့်မြင့်အထက်တန်းစား
၆ဂ/--- ညှိနှိုင်းစျေးဖြင့်ရောင်းမည်။
ဖုန်း-၀၉၄၉၃၄၈၈၀၈၊ ၀၉-၇၃၀၁၆၅၈၈

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ မာလာမြိုင်ရိပ်သာလမ်း၊ မာလာမြိုင်ကွန်ဒို၊ အမှတ်-၅၃၁-စီ ၂တိုက်(၂)၊(၈)လွှာ၊အခန်းအမှတ်(၈၁၁)ဟုခေါ်တွင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်း၍ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော ဦးဝူးဝှဲရင်[၉/မရတ(နိုင်)၁၀၆၂၄၃]နှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်တွမ်းကျင်း[၉/မရတ(နိုင်)၁၀၆၂၄၂] တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်ဦးထွန်းစန်းဦး [၁၂/လမန(နိုင်)၀၀၂၁၃၆]က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများတင်ပြ၍ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးထွန်းစန်းဦး**
၁၁၆၊ အင်းစိန်လမ်းမ၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်

အမွေဆက်ခံရန်သက်သေခံလက်မှတ်စာရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ
ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံးတော်၌
၂၀၁၂ ခုနှစ် တရားမ အထွေထွေမှုအမှတ်-၂၃

ကွယ်လွန်သူ ဦးရွှေလှအောင်၏ ကျန်ရှိရစ်သော ပစ္စည်းများအကြောင်း။

ဒေါ်ဇင်မာချို --- လျှောက်ထားသူ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း(မြောက်)ရပ်ကွက်၊ ဝေဠုဝန်အိမ်ရာသစ်၊ တိုက်(၂)၊ အခန်း(၂၀)နေ ဒေါ်ဇင်မာချိုက ကွယ်လွန်သူ ဦးရွှေလှအောင်၏ အမွေဆက်ခံခွင့်ရှိသည့် နီးစပ်သောဆွေမျိုးအဖြစ် မြေးတော်စပ်သူဖြစ်ပြီး ကွယ်လွန်သူ ဦးရွှေလှအောင်၏ ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်ခွဲ(၃)တွင် စုဆောင်းထားရှိသည့် ငွေစာရင်းအမှတ်အက်စ်အေအို-၀၆၂၆၁၅ မှ လက်ကျန်ငွေ ၄၈၃၉၁၅၀ိ/၁၅၊းကို ထုတ်ယူနိုင်ရန် အတွက် အမွေဆက်ခံရန်သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးသို့ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့ လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးရွှေလှအောင်၏ ကျန်ရစ်သောပစ္စည်းများအပေါ် ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် (၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် လာရောက် ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်ဇင်မာချို၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်စာရသင့်မသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်ဆန်း
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ပုသိမ်ကြီးမြို့နယ်ရှိ 230/33/11KV (2x100) MVA မြောက်ပြင် ပင်မဓာတ်အားခွဲရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မြောက်ပြင် ပင်မဓာတ်အားခွဲရုံ ကြည့်ရှုစစ်ဆေး

မန္တလေးနှင့် ပတ်ဝန်းကျင်ဒေသများ ဓာတ်အားလုံလောက်စွာ ရရှိမည်



ရန်ကုန် ဇန်နဝါရီ ၃၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ 230/33/11KV (2 x100)MVA မြောက်ပြင် ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ဓာတ်အားခွဲရုံအစည်းအဝေးခန်းမ၌ စီမံကိန်းမန်နေဂျာ ဦးကျော်ခိုင်ထွန်းက ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှု၊ ညောင်ပင်ကြီး ပင်မဓာတ်အားခွဲရုံနှင့် ချောင်းကူး ပင်မဓာတ်အားခွဲရုံတို့တွင် 20 Mvar Shunt Reactor တပ်ဆင်ပြီးစီးမှု၊ ကျောက်ဆည်မြို့နယ်တွင် 132 KV တောင်တော်ကွင်း ပင်မဓာတ်အားခွဲရုံ တည်ဆောက်နေမှုနှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

အီတလီထိပ်တန်းဘောလုံးကလပ်အင်တာမီလန် မကြာမီ အင်ဒိုနီးရှားသို့ အလည်အပတ်သွားမည်

အီတလီ ဇန်နဝါရီ ၃၁

အီတလီ၏ ထိပ်တန်းဘောလုံးကလပ်အင်တာမီလန်သည် ယခုနှစ်ကာလအတွင်း အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ အလည်အပတ်ခရီးအဖြစ် ရောက်ရှိလာမည်ဟု အတည်ပြုလိုက်ပြီဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းစာက ယနေ့ဖော်ပြလိုက်သည်။

အီတလီစီးရီးအေ ချန်ပီယံ (၁၈)ကြိမ် ဆွတ်ခူးထားသည့် အင်တာမီလန်သည် အင်ဒိုနီးရှား (၂၃)နှစ်အောက် အမျိုးသားအသင်းနှင့် မေ ၂၄ ရက်တွင် လည်းကောင်း၊ အင်ဒိုနီးရှား လက်ရွေးစင်အသင်းနှင့် မေ ၂၆ ရက်တွင် လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အင်တာမီလန်သည် ၎င်း၏ အကောင်းဆုံး ကစားသမားများကို ခေါ်ဆောင်လာမှာဖြစ်ပြီး အသင်းခေါင်းဆောင် ဇန်နက်တီ**(ဓာတ်ပုံ)**၊ ဂျပန်လူမျိုးနောက်တန်းကစားသမား ယူတိုနာဂါတိုမိုတို့ ပါဝင်မည်ဖြစ်ကြောင်း ယင်းခရီးစဉ်ကို စီစဉ်သူက ပြောကြားသည်။***အင်တာနက်။***

အရှာဗင်ကို ခေါ်ယူနိုင်ရေး ရုရှားကလပ် အန်ဂျီကြိုးပမ်း



ရုရှား၏ ငွေပင်ငွေရင်းကြွယ်ဝလှသော ကလပ်အသင်း အန်ဂျီမာကက်ချ်ကလာ အသင်းသည် အာဆင်နယ်မှ အန်ဒရေအာရှာဗင်**(ယာအလယ်)**အား ခေါ်ယူနိုင်ရေးအတွက် အပြင်းအထန်ကြိုးပမ်းလျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❖

အာကာသသိပ္ပံ အင်တာနက်သတင်း



ဂြိုဟ်သိမ်ကာကွယ်ရေးတံတိုင်း တည်ဆောက်ရန် ဥရောပသိပ္ပံပညာရှင်များ ကြိုးပမ်းနေ

လန်ဒန် ဇန်နဝါရီ ၃၁

နဂါးငွေ့တန်းကြယ်စုဝန်းကျင် အာကာသဟင်းလင်းပြင်အတွင်း မျောလွင့်နေသော ဂြိုဟ်သိမ်များ(အပေါ်ပုံ**)၏အန္တရာယ်မှ ကမ္ဘာမြေကို အကာအကွယ်ပေးရေးအတွက် ဂြိုဟ်သိမ်ကာကွယ်ရေးတံတိုင်းစီမံချက်အား သိပ္ပံပညာရှင်များက အကောင်အထည်ဖော်ရန် ကြိုးပမ်းနေကြောင်း ဇန်နဝါရီ ၂၈ ရက်သတင်းများတွင် ဖော်ပြထားသည်။**

ဥရောပသမဂ္ဂ(အီးယူ)၏ ရန်ပုံငွေထောက်ပံ့မှု အပါအဝင် ရန်ပုံငွေများဖြင့် ဂျာမနီနိုင်ငံက အကောင်အထည်ဖော်မည့် ဂြိုဟ်သိမ်ကာကွယ်ရေးတံတိုင်းကို အပြီးသတ်တည်ဆောက်ရန် သုံးနှစ်မျှအချိန်ယူရမည်ဟု မျှော်လင့်ရသည်။

ဂြိုဟ်သိမ်ကာကွယ်ရေးတံတိုင်း စီမံချက်နှင့် ပတ်သက်၍ ကမ္ဘာအနီး ချဉ်းကပ်လာသော ဂြိုဟ်သိမ်ကို ဒုံးကျည် သို့မဟုတ် ဖောက်ခွဲရေးပစ္စည်းများသုံး၍ တားဆီးခြင်း၊ ယင်းဂြိုဟ်သိမ်၏ ဦးတည်ရာလမ်းကြောင်းပြောင်းလဲစေရန် မြေဆွဲအားအသုံးပြုခြင်း စသည့် အယူအဆများ ပေါ်ထွက်လာခဲ့ရသည်။

မကြာမီကာလအတွင်း လန်ဒန်မြို့တော်ထက် အဆ ၄၀၀ **စာမျက်နှာ ၉ ကော်လံ ၆ သို့** ✳

ယနေ့သတင်းအညွှန်း

ကုန်စည်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

ပြည်တွင်းသတင်း စာမျက်နှာ ၅

ဟော်မုဇ်ရေလက်ကြားပိတ်ဆို့ခံရပါက တုံ့ပြန်ရန် ပင်လယ်ကွေ့အာရပ်နိုင်ငံများ စီမံချက်ချပြီးဖြစ်

နိုင်ငံတကာသတင်း စာမျက်နှာ ၄

ကြော်ငြာအချပ်ပို ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများ အတွက် စာမေးပွဲအထောက်အကူပြုသိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာ သင်ခန်းစာကို စာမျက်နှာ ၁၅၊ ၁၆၊ ၁၇ တွင် ဖော်ပြထားပါသည်။

တရားဝင်အလုပ်သမားအခွင့်အရေးများရရှိစေရန် ယာယီမြန်မာနိုင်ငံကူးလက်မှတ်များ ထုတ်ပေးလျက်ရှိ

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံ၌ အကြောင်းအမျိုးမျိုးကြောင့် သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာလုပ်သားများမှာ တရားဝင်လုပ်သားများရှိသကဲ့သို့ တရားမဝင်လုပ်သားများလည်း ရှိကြသည်။ ယခုအခါ ထိုင်းနိုင်ငံတွင်း၌ အလုပ်လုပ်ချင်သည့် မြန်မာလုပ်သားများအား ထိုင်းနိုင်ငံလုပ်သားများကဲ့သို့ တန်းတူအခွင့်အရေးရရှိပြီး ကန့်သတ်ချုပ်ချယ်မှု၊ ဖမ်းဆီးမှု၊ လူမှောင်ခိုကုန်ကူးမှု စသည်တို့ကင်းလွတ်စေရန် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ အစိုးရများက သဘောတူညီချက်ပြုလုပ်ပြီး နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးကာ ဆောင်ရွက်လျက်ရှိသည်။

"နိုင်ငံကူးလက်မှတ်ပြုလုပ်ပေးမှုမှာ မြန်မာနိုင်ငံတွင်း ပြန်လည်ရောက်ရှိနေတဲ့ လုပ်သားဟောင်းများကို ထိုင်းလေဘာကတ်မူရင်းနှင့် မိတ္တူ၊ နိုင်ငံသားကတ်မူရင်းနှင့် မိတ္တူ (သို့မဟုတ်) အိမ်ထောင်စုစာရင်းမူရင်းနှင့် မိတ္တူများ ပြည့်စုံပါက မြန်မာနိုင်ငံဘက်၌ နေ့ချင်းပြီး ပြုလုပ်ပေးပါတယ်။ ထိုင်းနိုင်ငံအတွင်း၌ လက်ရှိလုပ်ကိုင်နေကြသည့် လုပ်သားဟောင်းများကိုမူ ထိုင်းနိုင်ငံတွင်း နေရာငါးနေရာ၌ ပြုလုပ်ပေးမှာဖြစ်ပါတယ်။လုပ်သားအသစ်များအနေနဲ့ (၁၈)နှစ် ပြည့်ပြီး အရွယ်ရောက်ပြီးသူဖြစ်ရမယ်၊ မြန်မာနိုင်ငံသား ဟုတ်၊ မဟုတ် **စာမျက်နှာ ၉ ကော်လံ ၃ သို့** ❐